# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၀၉)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၉-၁၀-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ရှိ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်း၌ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့ သွားရောက်၍ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ »»

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၉)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

# ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

ဝါသီးနှံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသော ကုန်ကြမ်းဖြစ်ပြီး သဘာဝချည်မျှင်များကို ထုတ်ပေးသည့် အပင်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ အရေးပါသော သီးနှံဖြစ်သည်။ ဝါဖြစ်ထွန်းအောင်မြင်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး(အနောက်ပိုင်း)တိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့ကို စီမံကိန်းဒေသများအဖြစ် သတ်မှတ်ပြီး ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု ဖော်ဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် အောက်တိုဘာ ၇ ရက်တွင် ကမ္ဘာ့ဝါသီးနှံနေ့ အထိမ်းအမှတ် ကျင်းပကြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး နိုင်ငံများ၌ ဝါကိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် ဖန်တီးပေးခြင်း၊ စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းပေးခြင်း စသည့် အခန်းကဏ္ဍတို့တွင် အခွင့်အလမ်းများစွာရှိကြောင်း၊ ဝါသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သီးနှံဖြစ်ကြောင်း၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို စိုက်ပျိုးထုတ်လုပ်ပြီး ခေတ်မီအထည် အလိပ်များ ထုတ်လုပ်ခြင်း၊ ဝါတန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်လုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံကို နေရာတစ်နေရာသို့ အရောက်ပို့ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က သွင်းကုန်အားကိုးမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဘီနင်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဝါသီးနှံနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ရာ၌ ပြောကြားခဲ့သည်။

ကမ္ဘာ့ဝါနေ့ အထိမ်းအမှတ် Video Clip ပြသပြီး တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝါနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝါနှင့်ပတ်သက်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ဝါစိုက်ပျိုးထုတ်လုပ်နေမှုနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ဈေးကွက်ရရှိရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ချည်ကုန်ကြမ်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး၊ ဝါကုန်ကြမ်းကောင်း ရရှိရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဝါစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများတွေ့ဆုံပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝင့်)

# ကျောက်ဆည်မြို့ သီတင်းကျွတ် ဆင်လှူပွဲတော် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မန္တလေး အောက်တိုဘာ ၈**

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ် ရိုးရာအစဉ်အလာမပျက် ရိုးရာပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကအလှုပြိုင်ပွဲကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင်လှူဒါန်းပွဲ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

"၂၀၀၁ ခုနှစ်ကတည်းက ဆင်းချိုးတဲ့ ပညာနဲ့ စလုပ်လာတာ။ အစဉ်အလာမပျက်၊ ခုအချိန်ထိပေါ့။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းရင်း မိဘရဲ့ လက်မှုအနုပညာအမွေဆက်လက်ထိန်းသိမ်းရင်း အစဉ်အလာမပျက် နှစ်စဉ်ပါဝင်ဆင်နွှဲရတဲ့အတွက် များစွာဂုဏ်ယူမိတယ်။ ဆင်ဒီဇိုင်းပုံစံက ရှေးရိုးရာလည်းမပျက်၊ခေတ်အလိုက် အနည်းငယ်ပြောင်းလဲမှုတော့ရှိတယ်။ တစ်နှစ်နဲ့တစ်နှစ် ကုန်ကျစရိတ်တွေ မတူပါဘူး။ ပြိုင်ပွဲတန်းမှာ ရိုးရာဆင်(လူကြီး)၊ ရိုးရာဆင်(ကလေး)နဲ့ ဘော်ကြယ်တန်းဆိုပြီး ရှိတယ်။ အခုနောက်ပိုင်းနှစ်တွေမှာ သဘာဝဆင်အဖြစ် ပြိုင်ပွဲတန်းမှာ ထည့်သွင်းပါဝင်လာတယ်။ လူကြီးဆင်က အမြင့် ငါးပေခွဲ၊ ခြောက်ပေလောက် ရှိတယ်။ ကလေးဆင်က အနိမ့်ဆုံး လေးပေလောက် မြင့်ပါတယ်"ဟု ကျောက်ဆည်မြို့ ရွှေအိုးဆင်ချိုးနှင့် ရွှေချည်ထိုးလုပ်ငန်းလုပ်ကိုင်နေသူ ပညာရှင် ဦးရွှေအိုးက ပြောသည်။

ရိုးရာအစဉ်အလာမပျက် ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကြီးတွင်ဂုဏ်ပြုဆင်၊ သက်ကြီးဆင်၊ ဧည့်ခံဆင်တို့မှ မြို့မဈေးကြီးအား သုံးပတ်လှည့်လည် ပါဝင်ဆင်နွှဲသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဆင်အမျိုးအစားများတွင် ရိုးရာဆင်(လူကြီး)၊ ရိုးရာဆင်(ကလေး)၊ တီထွင်ဆန်းသစ်မှုဆင်၊ ဘော်ကြယ်ဆင်တို့ပါဝင်မည်ဖြစ်သည်။

"ဒီနှစ်ဈေးအနေနဲ့ ရိုးရာဆင်(ကလေး)က ငွေကျပ် သုံးသိန်းခွဲ၊ ရိုးရာဆင်(လူကြီး)က ငွေကျပ် ခြောက်သိန်းခွဲရှိတယ်။ ဘော်ကြယ်မှာ ပြိုင်ပွဲတန်းဝင် အဆင့်တန်းမှာ မနှစ်ကဆိုရင် ငွေကျပ် ၂၅ သိန်းနဲ့ရတယ်။ ဒီနှစ်ကသိန်း ၃၀ ပတ်ချာနဲ့ သိန်း ၃၀ အထက်မှာရှိတယ်။ ဝယ်ရတဲ့ ပစ္စည်းဈေးတွေ တက်သွားတော့ ဈေးနှုန်းတွေလည်းပြောင်းသွားတယ်။ တခြားပစ္စည်းတွေအပြင် အလုပ်သမားစရိတ်လည်း တက်တယ်။ ဆင်အလှပေါ်မူတည်ပြီး ပစ္စည်းတွေ ထည့်သလောက် အလှဆင်သလောက် ကုန်ကျစရိတ် အမျိုးမျိုးရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (ယာပုံ)

ကျောက်ဆည်မြို့ ဆင်ပွဲတော်သည် သက္ကရာဇ်(၃၇၉) ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းသည် သက္ကရာဇ်(၃၉၅)ခုနှစ်တွင် ကျောက်ဆည်မြို့ ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်းကန်ချောင်းတို့ကို တည်ဆောက်ဆည်ဖို့တော်မူခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက် စွယ်တော်ပွားကို ရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ (ဆင်ဖြူတော်)ပေါ် သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့ရာ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ သာလျောင်းတောင်ထိပ်သို့ တက်ကြောင်း၊ တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ သံရွာနယ် တောင်တော်တောင်ထက်တက်၍ ခေတ္တရပ်ပြီး ထိုမှ ခရွှေတောင်သို့တက်၍ဝပ်လေကြောင်း၊ သက္ကရာဇ်(၃၉၅)ခုနှစ်တွင် သာလျောင်းတောင်ထိပ်နှင့်ခရွှေတောင်ထိပ်တို့တွင် တစ်ပြိုင်တည်း စေတီတစ်ဆူစီကို တည်တော်မူပြီး သာလျောင်းတောင်ထိပ် တည်သော စေတီကို ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် ရွှေသာလျောင်းစေတီတွင် သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ (ဆင်ဖြူတော်)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော်အမျှပေးဝေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်းကြီး လက်ထက်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်း(၉၀၀)ကျော် နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

(မန္တလေးနေ့စဉ်-၄)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» ရှေ့ဖုံးမှ

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးက နက္ခတ်တာရာပြခန်း သမိုင်းကြောင်းနှင့် ပြခန်းဆိုင်ရာ အချက်အလက်များ၊ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်း ပြကွက်တို့ကို ကြည့်ရှုကြသည်။

### အာကာသပြခန်းအဖြစ် ဆောင်ရွက်မည်

အဆိုပါ နက္ခတ်တာရာပြခန်းအား ဂျပန် - မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား လူငယ်များနှင့် ပြည်သူများ နက္ခတ်တာရာ သိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့်ဒလမြို့တို့ကို ဆက်သွယ် ဖောက်လုပ်လျက်ရှိသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား စီမံကိန်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေး စီမံကိန်းဖြစ်ပေါ်လာပုံနှင့် တံတားဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ကမ်း ချဉ်းကပ်တံတား

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်း ပြကွက်အလိုက် ပြသထားရှိမှုများကို ကြည့်ရှုစဉ်။

❖ နက္ခတ်တာရာပြခန်းအား ဂျပန် - မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ နက္ခတ်တာရာ သိပ္ပံဆိုင်ရာဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

လုပ်ငန်းပြီးစီးမှု၊ ပင်မတံတား လုပ်ငန်းပြီးစီးမှု၊တံတား၏အဓိက ကျသည့် ရေလယ်တာဝါတိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ရန်ကုန် ဘက်ကမ်း ချဉ်းကပ်တံတား လုပ်ငန်းပြီးစီးမှု၊ စီမံကိန်းလုပ်ငန်း အပိုင်းအလိုက် လုပ်ငန်းဆောင် ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အရည်အသွေး ထိန်းသိမ်းရေး လုပ်ငန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြိုတင်စဉ်းစားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အပိုင်းအလိုက် ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှု ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ သင်္ဘောများ၏ ရေလမ်းကင်းလွတ်မှုကိုလည်း စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေလယ်တာဝါတိုင်များ အန္တရာယ်ကင်းရှင်းရေး အတွက်လည်း ကြိုတင်စဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### အထင်ကရပြယုဂ်တစ်ခု ဖြစ်လာမည်

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတားစီမံကိန်း တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable–Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြော ပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည် ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark) တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- ☆ **မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့**
- ☆ **တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်**

☆ စာမျက်နှာ ၂၄ မှ

ခရိုင်အုပ်ချုပ်ရေး

ခရိုင်အုပ်ချုပ်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာအသုံးချ၍ မိမိတို့တာဝန်ယူထားရသည့်မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်နှင့် တိုင်းဒေသကြီးအကြား လိုက်လျောညီထွေဖြစ်စေရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ခရိုင်မှ စီမံအုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ် သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုဖြစ်ပေါ်လာမည့် အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များအလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုများစည်းကမ်းစနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပရေး

○ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်

○ ခရိုင်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လို

တို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရန်ကုန်မြို့သည် အလုပ်အကိုင်များပြားပြီး ဒေသတွင်းနေထိုင်လုပ်ကိုင်သူများ၊ နယ်မြို့များမှ လာရောက်လုပ်ကိုင်သူများ များပြားသည့်အတွက် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ ယာဉ်စီးနင်းမောင်းနှင်မှုများကိုလည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီ ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရေး၊ အဖွဲ့လိုက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပြည်သူလူထုတို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့် ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများမှ ကျန်းမာမည်ဖြစ်ပြီး ကျန်းမာမှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခရိုင်အလိုက်ရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့ အကောင်အထည်ဖော်ဖန်တီးပေးနိုင်ရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခု စိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူမှ အသိအမှတ်ပြုရလောက်သည့် အုပ်ချုပ်မှုသမိုင်းကြောင်းကို ထားရှိနိုင်ခဲ့ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနည်းနာများကို သိရှိနားလည်နေရမည်ဖြစ်ပြီး မိမိတို့တာဝန်ယူရသည့် နေရာများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးနည်းစနစ်များကို အမြဲမပြတ် လေ့လာသိရှိနားလည်နေမှသာလျှင် တာဝန်များကို ကျေပွန်ကောင်းမွန်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟုသုတစာပေများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာပြီး ၎င်းစာများ၏ အရသာကို သိသွားပါက မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် နည်းလမ်းကိုလည်းရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျက်သရေမင်္ဂလာရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနှစ်သာရကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ခန့်အပ်လွှာ လာရောက်ပေးအပ်


နေပြည်တော် အောက်တိုဘာ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

တက်ရောက်

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုအကူအညီကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့်မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီ အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီပေးမှုများကို ပိတ်ဆို့တားဆီးမှုမရှိကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းကိုလုံခြုံရေးကိစ္စအလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ထိရောက်သည့်အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှူရှင်ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကိုလိုက်ပါလိုပါက အတူလိုက်ပါနိုင်ပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂီဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ၏အခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာအသိုက်အဝန်းသို့အသိပေးစေလိုကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေး လမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သော် လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ပါရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

# မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး အောက်တိုဘာ ၈**

မြန်မာ့ရိုးရာသီတင်းကျွတ် မီးထွန်းပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင် တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ဖြစ်သဖြင့် ထူးမြတ်သောနေ့အဖြစ် အသိအမှတ်ပြုကြပြီး မြတ်စွာဘုရားဆင်းသက် ကြွမြန်းလာသည်ကို ရည်စူး၍ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများထွန်းညှိပူဇော်ပွဲကို နှစ်စဉ် ရိုးရာမပျက် ကျင်းပလျက်ရှိပါကြောင်း၊ မန္တလေးကျုံးဘေးတစ်လျှောက်တွင် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မီးထွန်းပူဇော်ပွဲအား ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ပြည်သူများ စိတ်ပျော်ရွှင် ချမ်းမြေ့စွာ ကြည့်ရှုနိုင်ရန် တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေမှုများ၊ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းများ အပါအဝင် အခြားအစီအစဉ်များကိုလည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်နှစ်ဆောင်ရွက်ခဲ့မှု၏ အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ကာ ပိုမိုကောင်းမွန်စေရေး အားလုံးပူးပေါင်း၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဦးစီးကော်မတီ၊လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအလိုက် ဆွေးနွေးအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)




# MFF Goalkeeping "C" Certificate Coaching Course 2024 သင်တန်းဆင်း

MFF Goalkeeping "C" Certificate Coaching Course 2024 သင်တန်းသည် အောက်တိုဘာ ၈ရက်တွင် ပြီးဆုံးခဲ့ပြီဖြစ်ပြီး သင်တန်းဆင်းပွဲကို ညနေပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ သင်တန်းနည်းပြဆရာများ၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို အောက်တိုဘာ ၃ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၁ဦး၊ သင်တန်းသူ ၅ဦး၊ စုစုပေါင်း ၁၆ဦး တက်ရောက်ခဲ့ခြင်းဖြစ်သည်။

(NGB)

၀-၀-၀-၀-၀

# ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲစိုက်ဧက ၄၁၃၂ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၌ မိုးမြေပဲစိုက်ဧက ၄၁၃၂ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်တွင်းစားသုံးဆီဖူလုံပြီး စားအုန်းဆီ တင်သွင်းမှုလျှော့ချနိုင်ရေး ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့် မြေပဲသီးနှံများကို မိုးဦးနှင့် မိုးနှောင်းရာသီ(ဆောင်းရာသီ)တို့တွင် စိုက်ပျိုးလျက်ရှိကြပြီး နှမ်းသီးနှံကို နွေရာသီ၊ မိုးဦးနှင့် မိုးနှောင်း(ဆောင်းရာသီ)တို့တွင် စိုက်ပျိုးကြသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊မြေပဲနှင့် နေကြာတို့အနက် မြေပဲစိုက်ဧက ၁၉၁၅ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ ယနေ့အထိ မိုးမြေပဲစိုက်ပျိုးဧက ၄၁၃၂ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးမြေပဲစိုက်ဧက ၄၁၃၂ဧကအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြို့နယ်အတွင်း၌ မြေပဲသီးနှံကို ဇရပ်ကုန်း၊ သံဘို၊ အုံတုံ၊ ရေဝေ၊ ရှမ်းမငယ်၊ မယ်ဇလီကုန်း၊ မုန်တိုင်၊ အိုင်ကြီးလည်၊ ဆည်အောင်၊ မွေ၊ ကြွယ်ကန်၊ ကန်တောင်၊ အင်း၊ အရာတော်၊ ရေချို၊ လိန်တော၊ ညောင်ဇောက်၊ လျှော်ဖြူကန်၊ ကွက်ငယ်ကျေးရွာအုပ်စုများရှိ ကွင်း ၅၅ကွင်းမှ တောင်သူ ၃၅၀ ဦးက စိုက်ဧက ၅၀၀ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

(၄၆၉)



# စဉ့်ကိုင်မြို့နယ်တွင် ရေဘေးသင့်ဒေသများအား ရွေ့လျားဆေးကုသစခန်း ဖွင့်လှစ်ကုသပေး

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကျောက်ဆည်ခရိုင်ကြက်ခြေနီကြီးကြပ်ရေးအဖွဲ့မှ စီစဉ်၍ ချမ်းမြသာစည်မြို့နယ် ဆန်းဖလားဝါး အင်တာနေရှင်နယ်ကျောင်း၏ လှူဒါန်းမှုဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာရေဘေးသင့်ဒေသအား အောက်တိုဘာ ၆ရက်က ရွေ့လျားဆေးကုသစခန်း ဖွင့်လှစ်ဆောင်ရွက်ရာ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးခိုင်နှင့် အထွေထွေရောဂါကု ဆရာဝန်(၆)ဦးက ရေဘေးသင့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးခဲ့သည်။

ကျန်းမာရေးစစ်ဆေး၍ ဆေးကုသရာသို့ ဆေးအလှူရှင်ဆန်းဖလားဝါးအင်တာနေရှင်နယ်ကျောင်းမှ ဆရာမကြီး ဒေါက်တာစန္ဒီမောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများသည် ကျောက်ဆည်ခရိုင်ကြက်ခြေနီအဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအတွက် သွေးပေါင်ချိန်တိုင်းခြင်း၊ အမျိုးသမီးသုံးပစ္စည်းများ ဖြန့်ဝေခြင်း၊ မျက်နှာသုတ်ပုဝါ၊ ရေသန့်ဘူးများပေးဝေခြင်းများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

(၀၄၅)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## အိန္ဒိယဘီလျံနာ Ambani မိသားစု မင်္ဂလာပွဲအကြို ဆင်းရဲနွမ်းပါးစုံတွဲ (၅၀)ကို လက်ထပ်ပေးခဲ့



ဘီလျံနာအမ်ဘာနီမိသားစုသည် ကမ္ဘာပေါ်တွင် ကုန်ကျစရိတ်အများဆုံးမင်္ဂလာပွဲကျင်းပရန် ဆယ်ရက်အလိုတွင် မွမ်ဘိုင်းမြို့ပြင်ရှိ ဆင်းရဲနွမ်းပါးစုံတွဲ ၅၀ ကို လက်ထပ်ပွဲကျင်းပပေးခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အမ်ဘာနီမိသားစုမှ သားအငယ်ဆုံး မင်္ဂလာပွဲအထိမ်းအမှတ်အတွက် စုံတွဲ ၅၀ ကို ငွေသားရှုပီး တစ်သိန်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကွင်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အသုံးအဆောင်များကို လက်ဖွဲ့အနေနှင့် တစ်ဦးချင်းစီကို အမ်ဘာနီမိသားစု ခေါင်းဆောင်ဦးက ကိုယ်တိုင်ပေးအပ်ခဲ့သည်။

အမ်ဘာနီသားအငယ်ဆုံး အာနန်၏ အကြိုမင်္ဂလာပွဲတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် အသုံးပြုထားပြီး လာမည့်မင်္ဂလာပွဲတွင်လည်း ဒေါ်လာ သန်း ၅၀၀ ကျော် ထပ်မံအသုံးပြုကျင်းပမည် ဖြစ်သည်။ **(SKY)**



## လေ့ကျင့်ခန်းလုပ်ပြီး အစားရှောင်နေမည့်အစား ဆေးသောက်ရုံမျှဖြင့် အကျိုးအာနိသင် ခံစားရရှိနိုင်

ဆယ်ကျော်သက်အရွယ်လွန်မြောက်ပြီး လူလတ်ပိုင်းအသက်အပိုင်းအခြားသို့ ကူးပြောင်းရောက်ရှိလာလျှင် လူတို့အနေဖြင့် နေ့စဉ်ကျန်းမာရေးဘဝအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်လာကြရသည်။ အထူးသဖြင့် အလှအပကိုခုံမင်သော အမျိုးသမီးများ ကိုယ်အလေးချိန်မြင့်တက်မလာစေရန် အစားအစာကို ထိန်းချုပ်စားသောက်လေ့ရှိကြသည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းနှင့် အစားရှောင်ခြင်းကို ရေရှည်စွဲပြီးပြုလုပ်ရသဖြင့် လူအများစုအတွက် အနည်းနှင့်အများအခက် ကြုံရတတ်သည်။ ယင်းအခက်အခဲကို ဒိန်းမတ်နိုင်ငံအားသုစ်တက္ကသိုလ်မှ သုတေသီများ မကြာသေးမီကတွေ့ရှိခဲ့သောရလဒ်အရ အနာဂတ်တွင်ဖြေရှင်းနိုင်တော့မည်ဟု ဆိုသည်။

အဆိုပါသုတေသီများသည် လေ့ကျင့်ခန်းလုပ်ပြီး အစားရှောင်နေမည့်အစား ဆေးသောက်ရုံမျှဖြင့် အကျိုးအာနိသင်ခံစားရရှိစေသော လကေမော်လီကျူးကိုအခြေပြုကာ ဆေးဖော်စပ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ **(SCI)**

## Wang Yibo ထံ Baseus က 18kg Screen Protector ပါဆယ်ပုံး ပို့ပေး

တရုတ်အနုပညာရှင် ဝမ်ရိဘိုကို အလုပ်များနေသော ပျားမင်းသားလေးဟု သတ်မှတ်ထားကြပြီး အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေရာမှ ဖုန်း Screen protector စုတ်နေသည်ကို တွေ့ရ၍ Baseus က 18kg ပါဆယ်ပုံးအပြည့် ပစ္စည်းပို့ပေးခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ပဲရစ်ဖက်ရှင်ပွဲမှအပြန် Zhubai ထိုမှ ရှန်ဟိုင်း၊ ပေကျင်းလေးရက်ဆက်တိုက် ရိုက်ကူးရေးအတွက် အသွားအပြန်လုပ်ခဲ့ပြီး Weibo Movie Night ဆုပေးပွဲကိုမှ ပဲရစ်ဖက်ရှင်ပွဲအပြန် Guang XI မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအတွက် အလုပ်များနေရာ ဖုန်းကာဗာလဲဖို့အချိန်မရှိ၍ စုတ်နေသည်ကို တွေ့ရသည်။

ဝမ်ရိဘို၏ကုန်အမှတ်တံဆိပ် Baseus က ထိုအကြောင်းကို သိ၍ Screen protector ကီလိုပါဆယ်ပုံးကို ပို့ပေးခဲ့၍ ပရိသတ်က ယင်းဖြည့်ဆည်းမှုအပေါ် ရယ်ရခက် ငိုရခက် ဖြစ်ခဲ့ရသည်ဟု မှတ်ချက်များပေးထားကြသည်။ **(SKY)**




## Blackpink အဖွဲ့ You-Tube,Melon နှင့် Spotify တွင် စံချိန်သစ် ရေးထိုးထား

ဘလက်ပင့်ခ်ဂီတအဖွဲ့သည် ယူကျူ၊ မီလွန်နှင့် စပေါ်တီဖိုင်းတွင် Most-Followed Girl Group အဖြစ် စံချိန်သစ် ရေးထိုးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့သည် တောင်ကိုရီးယား၏ နာမည်ကျော်ဂီတပလက်ဖောင်းဖြစ်သည့် မီလွန်တွင် ကြိုက်နှစ်သက်သူ ၂၂၈၄၄၆ ရှိပြီး ရက်ဒ်ဗဲလန့်ကို ကျော်ကာ ထိပ်ဆုံးရောက်ရှိလာခဲ့သည်။

ယူကျူတွင် ကြိုက်နှစ်သက်သည့် အဖွဲ့ဝင် ၉၄ သန်းကျော်နှင့် သန်းတစ်ရာပြည့်ခဲ့သည့် ပထမဆုံးအမျိုးသမီးအဖွဲ့ဖြစ်ခဲ့ကာ ကမ္ဘာကျော်ဂီတပလက်ဖောင်း စပေါ်တီဖိုင်း(Spotify)တွင် သန်း ၅၀ ကျော် ရရှိထားသည့် ပထမဆုံးနှင့် တစ်ခုတည်းသော အမျိုးသမီးအဖွဲ့အဖြစ် မကြာခင်က စံချိန်သစ် ရေးထိုးသွားခဲ့သည်။ **(SKY)**

## Anne Hathaway က Les Miserables ရိုက်ကူးရေးအကြောင်း ပြောကြားခဲ့

ဟောလိဝုဒ်အနုပညာရှင် အန်နီဟာတ်သ်ဝေးက ရုပ်ရှင်ကားများစွာ ရိုက်ကူးထားပြီး Les Miserables ရိုက်ကူးရေးမှာ သူ့အတွက် ပင်ပန်း၍ စိတ်ကျသည်ထိဖြစ်ခဲ့ရသည့်အကြောင်း ပြောကြားထားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်အတွက် ဖော်ပြသည်။

အန်နီဟာတ်သ်ဝေးသည် ရုပ်ရှင်ကားများစွာတွင် ပေါ့ပေါ့ပါးပါးနှင့် သရုပ်ဆောင်ခဲ့သော်လည်း Les Miserables တွင် လူပင်ပန်းခြင်းထက် စိတ်ပိုပင်ပန်းခဲ့ရကြောင်း၊ ဇာတ်ညွှန်းဖတ်ပြီး ဇာတ်ကောင်စိတ်ခံစားမှုကို စိတ်ထဲသွင်းပြီးရိုက်ခဲ့ရာ စိတ်ကျသောခံစားချက်ရရန်အခန်းတွင် မီးပိတ်ကန့်လန့်ကာများပိတ်ပြီး သုံးလလောက်နေခဲ့ရာမှ ရိုက်ကူးပြီးသည်ထိ လပိုင်းအကြာအခန်းတွင် ၌သာ နေထိုင်ခဲ့သည်ဟု ဆိုသည်။




ရိုက်ကူးရေးအတွက် ဆံပင်တုကို လက်မခံခဲ့ဘဲ ကတုံးကွက်ကြားရိတ်၍ သရုပ်ဆောင်ခဲ့ကာ ဇာတ်ရုပ်ပီပြင်ရန် စိတ်နှစ်ခဲ့၍ စိတ်ကျသည်ထိ ဖြစ်ခဲ့ရသည်ဟု သိရသည်။ **(SKY)**

## G Dragon က စက်ရုပ်များ AI နည်းပညာများနှင့် ထူးခြားသည့်ဖျော်ဖြေပွဲ စီစဉ်နေ

ကေပေါ့ဘုရင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် စက်ရုပ်များ၊ AI နည်းပညာများနှင့် ထူးခြားသည့် ဂီတဖျော်ဖြေပွဲပြုလုပ်ရန် စီစဉ်ပြင်ဆင်နေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ ဂျီဒရယ်ဂွန်၏ အေဂျင်စီ ဂလက်စီကော်ပိုရေးရှင်း၏ စီအီးအို ချိုင်ယောင်ဟိုက သူတို့အနုပညာရှင် ဂျီဒရယ်ဂွန်သည် ၂၀၁၇ ခုနှစ်နောက်ပိုင်း တစ်ကိုယ်တော်ဂီတပွဲပြုလုပ်ရန် ပြင်ဆင်နေသည်ဟု အတည်ပြုပေးခဲ့သည်။



ကမ္ဘာပေါ်တွင် မည်သူမှ မလုပ်ဖူးသေးသည့် Concert လုပ်ရန် စီစဉ်နေပြီး ဂျီဒရယ်ဂွန်သည် KAIST နည်းပညာနှင့် ပူးပေါင်း၍ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နေကာ အနာဂတ်တွင် ပြုလုပ်မည့် Concert တွင် စက်ရုပ်၊ ခွေးစက်ရုပ်များကို အကသမားအဖြစ် အသုံးပြုရန် စီစဉ်နေပြီး တစ်ကိုယ်တော်ပွဲအရင်ပြုလုပ်မည်ဟု ထပ်မံပြောကြားသွားသည်။

ဂျီဒရယ်ဂွန်၏ ပရိသတ်များ မျှော်လင့်နေသည့် တစ်ကိုယ်တော်ဂီတပွဲ ဖျော်ဖြေပွဲကို ၂၀၂၄ ခုနှစ် နှစ်မကုန်မီ ကျင်းပမည် ဖြစ်သည်။ **(SKY)**

## Min Hee Jin ကို ADOR ၏ CEO ပြန်ခန့်ရန် New Jeans အဖွဲ့တောင်းဆို





ကေပေါ့မျိုးဆက်သစ်အဖွဲ့ နယူးဂျင်းစ်မှာ ADOR ၏ စီအီးအို မင်ဟီဂျင်း ဖန်တီးထားသည့် အဖွဲ့ဖြစ်ပြီး အနုပညာလောကတွင် HYBE နှင့် ပြဿနာဖြစ်ခဲ့ရာမှ နယူးဂျင်းစ်က စီအီးအိုပြန်ခန့်ရန် တောင်းဆိုခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နယူးဂျင်းစ်အဖွဲ့ဝင်များအတွက် စီအီးအို မင်ဟီဂျင်းသည် သူတို့နှင့် တစ်သားတည်းရှိပြီး အဖွဲ့ကို ဖန်တီးခဲ့သူဖြစ်၍ အစားထိုးမရနိုင်သူဟု လက်ခံထားကြသည်။

မင်ဟီဂျင်းကို စက်တင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ADOR ၏ စီအီးအိုအဖြစ် ပြန်လည်ခန့်အပ်ပေးရန် နယူးဂျင်းစ်အဖွဲ့က တောင်းဆိုခဲ့ကြသည်။ နောက်ဆုံးထွက်ရှိလာသည့် သတင်းအရ စီအီးအိုအသစ် လီဂျေဆောင်းက HYBE မှ ယခင်ချမှတ်ထားသည့် စည်းမျဉ်းနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်၍ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ **(SKY)**

# အသက် ၇၉ နှစ်အရွယ် သမ္မတဟောင်း ဒူတာတေ ဒါဗာအိုမြို့တော်ဝန်ရွေးကောက်ပွဲ ယှဉ်ပြိုင်မည်

**မနီလာ အောက်တိုဘာ ၈**

အသက် ၇၉ နှစ်အရွယ် ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂို ဒူတာတေ ဒါဗာအိုမြို့တော်ဝန် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ဒါဗာအိုမြို့တော်ဝန်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံရန် နာမည်စာရင်းပေးပြီးဖြစ်ကြောင်း ၎င်းကိုယ်တိုင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။




မိမိ မြို့တော်ဝန်ဖြစ်လာလျှင် ဒါဗာအိုမြို့ကို မနေ့ကထက် သာလွန်အောင် တာဝန်ထမ်းဆောင်သွားမည်ဟုလည်း ဒူတာတေက ဆက်လက်ပြောကြားသည်။

လက်ရှိ ဒါဗာအိုမြို့တော်ဝန်သည် သားဖြစ်သူ ဆဘက်စယန် ဒူတာတေဖြစ်ပြီး နောက်ရွေးကောက်ပွဲတွင် အခြားမြို့တော်ဝန်လောင်းများနှင့် ၎င်းတို့ သားအဖနှစ်ဦး ယှဉ်ပြိုင်အရွေးခံကြရမည်ဖြစ်သည်။

၎င်း၏ သမီးဖြစ်သူ ဒုတိယသမ္မတ ဆာရာဒူတာတေသည် ဒါဗာအိုမြို့တော်ဝန်ဟောင်းတစ်ဦးဖြစ်သကဲ့သို့ ရိုဒရီဂိုဒူတာတေကိုယ်တိုင်သည်လည်း ထိုမြို့၏ မြို့တော်ဝန်ဘဝမှ သမ္မတဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ




# ဗစ်တာအမ်ဘရိုစ်နှင့် ဂယ်ရီရုပ်ကန်းတို့ နှစ်ဦးအား ၂၀၂၄ ခုနှစ် ဆေးပညာနိုဗဲလ်ဆု ပူးတွဲချီးမြှင့်ခံရ

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်ဆေးသိပ္ပံပညာရှင်များဖြစ်သော ဗစ်တာအမ်ဘရိုစ်နှင့် ဂယ်ရီရုဗ်ကန်းတို့ နှစ်ဦးအား အောက်တိုဘာ ၇ ရက်က ၂၀၂၄ ခုနှစ် ဆေးပညာနိုဗဲလ်ဆု ပူးတွဲချီးမြှင့်လိုက်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

၎င်းတို့ နှစ်ဦးသည် မိုက်ခရိုအာအင်န်အေခေါ် မျိုးရိုးဗီဇမော်လီကျူးမှုန်များအကြောင်း ဖော်ထုတ်တင်ပြနိုင်ခဲ့သဖြင့် ယခုနှစ်၏ ဆေးပညာနိုဗဲလ်ဆုရှင်များအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အဆိုပါ ပညာရှင်နှစ်ဦးအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းနှင့် ညီမျှသော ဆုငွေ ခရောင်း ၁၁ သန်းကို အညီအမျှ ခွဲဝေရရှိမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



မီလ်တန်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်မလာမီ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တစ်နေရာ၌ ရေကြီးမှုကို ဟန့်တားရန် သဲအိတ်များ ပြင်ဆင်နေကြစဉ်။ **Mon**

# တူနီးရှားနိုင်ငံမှ အာဏာရသမ္မတ ကိုက်ဆိုင်ယက်ဒ် ဒုတိယနိုင်ငံရေးသက်တမ်းအတွက် ထပ်မံအနိုင်ရ

**တူးနစ် အောက်တိုဘာ ၈**

တူနီးရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲမဲရလဒ် အောက်တိုဘာ ၇ ရက်က ထွက်ပေါ်လာရာ အာဏာရသမ္မတ ကိုက်ဆိုင်ယက်ဒ် ဒုတိယနိုင်ငံရေးသက်တမ်းအတွက် ထပ်မံအနိုင်ရခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

သမ္မတ ကိုက်ဆိုင်ယက်ဒ်သည် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၉၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း အစိုးရပိုင် ရုပ်မြင်သံကြားဌာနမှတစ်ဆင့် သီးခြားလွတ်လပ်သော ရွေးကောက်ပွဲအာဏာပိုင်အဖွဲ့အကြီးအကဲက အတည်ပြုကြေညာခဲ့သည်။

အသက် ၆၆ နှစ်အရွယ် ဆိုင်ယက်၏ အဓိကပြိုင်ဘက်သမ္မတလောင်းများမှာ ချတ်ပါတီ ဥက္ကဋ္ဌ ဇူဟဲမတ်ဇာဝီနှင့် လုပ်ငန်းရှင်သူဌေးဘဝမှ နိုင်ငံရေးဘက်သို့ ကူးပြောင်းလာသူ အယာချီဇမ်မဲလ်တို့ နှစ်ဦးပင် ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် ရွေးကောက်ပွဲနိုင်ပြီး သမ္မတအဖြစ် အာဏာရခဲ့သော ကိုက်ဆိုင်ယက်သည် ၂၀၂၁ ခုနှစ်တွင် ပါလီမန်ကို ဖျက်သိမ်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

**Mon**



# ကမ္ဘာကို ဝင်တိုက်ဖွယ်ရှိသော ဂြိုဟ်ပဲ့ကြီးကို ဟန့်တားရန် နာဆာအဖွဲ့က ဟေရာအာကာသယာဉ် လွှတ်တင်လိုက်ပြီ

**ဝါရှင်တန် အောက်တိုဘာ ၈**

ကမ္ဘာကို ဝင်တိုက်ဖွယ်ရှိသော ဒီမော်ဖော့စ်ဂြိုဟ်ပဲ့ကြီးကို ဟန့်တားရန် နာဆာအဖွဲ့က အောက်တိုဘာ ၇ ရက်တွင် ဟေရာအာကာသယာဉ် လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကာနာဗာရယ်လ် အာကာသစခန်းမှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၂ မိနစ်တွင် အဆိုပါ အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်သည်။

ဟေရာအာကာသယာဉ်သည် ကမ္ဘာမှ မိုင်ပေါင်း ၇ သန်းခန့် ကွာဝေးသော ယင်းဒီမော်ဖော့စ်ဂြိုဟ်ပဲ့ကြီးဆီသို့ လာမည့် ၂၀၂၆ ခုနှစ်တွင် ဆိုက်ရောက်မည်ဟု ဆိုသည်။

မီတာ ၁၈၀ ကျယ်သော ဒီမော်ဖော့စ်ဂြိုဟ်ပဲ့သည် စင်စစ်တွင် ၎င်းထက် အရွယ်အစားပိုမိုကြီးမားသည့် ဒီဒိုင်မော့စ်ဟု အမည်ပေးထားသော ဂြိုဟ်ပဲ့ကြီးကို အရံလသဖွယ် လှည့်ပတ်နေခြင်း ဖြစ်သည်။

နာဆာအဖွဲ့အနေဖြင့် ဒီမော်ဖော့စ်ဂြိုဟ်ပဲ့ ကမ္ဘာကို ဝင်မတိုက်မိစေရန် လွန်ခဲ့သော ၂၀၂၂ ခုနှစ်ကတည်းက လမ်းကြောင်းလွှဲခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

အလားတူ ဂြိုဟ်ပဲ့များက ကမ္ဘာကို ဝင်မတိုက်အောင် ဟန့်တားနိုင်ရန်အတွက် စူးစမ်းလေ့လာရန် နာဆာအဖွဲ့က ဟေရာအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ကမ္ဘာတစ်ဝန်းလုံးရှိ မြစ်များထဲမှ မြစ်ရေပမာဏ ၂၀၂၃ ခုနှစ်၌ အခန်းခြောက်ဆုံးဖြစ်ခဲ့သည်ဟု ဆို

**ဝါရှင်တန် အောက်တိုဘာ ၈**

ကမ္ဘာတစ်ဝန်းလုံးရှိ မြစ်များထဲမှ မြစ်ရေပမာဏသည် ၂၀၂၃ ခုနှစ်၌ အခန်းခြောက်ဆုံး ဖြစ်ခဲ့သည်ဟု ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဖော်ပြကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၇ ရက်က ထွက်ပေါ်လာသော အစီရင်ခံစာထဲတွင် မြစ်များထဲရှိ ရေပမာဏကို လေ့လာရာမှ နှစ်ပေါင်း ၃၀ အတွင်း ရေအခန်းခြောက်ဆုံး အခြေအနေကို တွေ့ရှိခဲ့ကြောင်း အစီရင်ခံဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့နေရာဒေသအချို့တွင် မိုးခေါင်ရေရှားမှုလည်း ကြုံတွေ့ခဲ့ရသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ထည့်သွင်းတင်ပြခဲ့ကြောင်း သိရသည်။

**Mon**

# ဥရောပ ၆ နိုင်ငံမှ အမျိုးသမီးများ အသတ်ခံရသည့် အမှုများ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က ပြန်လည်စစ်ဆေးမည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၈**

ဥရောပ ၆ နိုင်ငံမှ အမျိုးသမီးများ အသတ်ခံရသည့်အမှုများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် အချက်များတွေ့ရသဖြင့် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က ပြန်လည်အမှုဖွင့် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ နယ်သာလန်၊ ပြင်သစ်၊ အီတလီနှင့် စပိန် စုစုပေါင်း ၆ နိုင်ငံတွင် လွန်ခဲ့သော ၃၁ နှစ်ကျော်မှ ယခုနောက်ပိုင်းအထိ အမျိုးသမီးပေါင်း ၄၆ ဦး အသတ်ခံခဲ့ရသည့်အမှုများနှင့် ပတ်သက်၍ ဝေဖန်ထောက်ပြလျှောက်လဲသူများ ရှိခဲ့ရာမှ အမှုပြန်ဖွင့်သည့်အဆင့်အထိ ရောက်လာခဲ့ရခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ အတွင်းရေးမှူးချုပ် ဂျာဂင်စတော့က ရှင်းလင်းပြောကြားသည်။

မိမိတို့ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့အနေဖြင့် အဆိုပါ ဥရောပ ၆ နိုင်ငံမှ ရဲတပ်ဖွဲ့အသီးသီးနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ကာ အမှုမှန်ပေါ်ပေါက်အောင် ဖော်ထုတ်ပေးသွားမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မှုခင်းဆရာဝန်များထံမှ ရရှိသော အချက်အလက်များနှင့် အခြားအသေးစိတ် သဲလွန်စများကို အမှုမှန်ဖော်ထုတ်ရာ၌ အဓိက အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေ



**စစ်ကိုင်း အောက်တိုဘာ ၈**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၅ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ စစ်ကိုင်းမြို့ မြန်မာ့မီးရထား၊ ဒီဇယ်စက်ခေါင်းပြင် အလုပ်ရုံခန်းမတွင် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အရာထမ်း၊အမှုထမ်းများအား ဟောပြောဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ ထိရောက်ထိရောက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး အရာထမ်း၊ အမှုထမ်းများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ အင်ဂျင်နီယာမှူးနှင့် ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)



## မန္တလေးမြို့ပေါ်တွင် ဓားများကိုင်ဆောင်၍ အုပ်စုဖွဲ့လုယက်သူများအား ဖမ်းဆီးရမိ

**အမရပူရ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာတွင် ယမန်နေ့က မသက်ာဖွယ်လူငယ်နှစ်ဦးက Scoopy ဆိုင်ကယ်တစ်စီးအား လိုက်လံရောင်းချနေကြောင်း သတင်းအရ အမရပူရမြို့မ ရဲစခန်းမှ ဒုရဲအုပ် ကျော်ဇင်သက် ဦးစီးအဖွဲ့နှင့် အမရပူရခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ် ဖြိုးသူဝင်း ဦးစီးအဖွဲ့တို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဝေယံဖြိုး(ခ)ကိုဖြိုးနှင့် သူရိန်အောင်(ခ)အာဒေးဆိုသူတို့နှစ်ဦးအား စစ်ဆေးဖော်ထုတ်ခဲ့ရာမှ ၎င်းဆိုင်ကယ်မှာ လုယက်ယူဆောင်လာသော ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါ လုယက်လာသောဆိုင်ကယ်နှင့်ပတ်သက်ပြီး ဆက်လက်စစ်ဆေးခဲ့ရာမှ မန္တလေးမြို့ပေါ်ခုနစ်မြို့နယ်အတွင်း အုပ်စုဖွဲ့၍ ကားဖြင့်လုယက်မှု ကျူးလွန်ခဲ့သူများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးနှင့်အတူ ကျူးလွန်ရာတွင်ပါဝင်သည့် နောက်ထပ်လူရှစ်ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လုယူခဲ့သည့် Scoopy ဆိုင်ကယ်ငါးစီး၊ Click ဆိုင်ကယ်တစ်စီး စုစုပေါင်း ခြောက်စီးနှင့်အတူ လုယက်ရာတွင် အသုံးပြုသည့်ကားနှင့် ဓားများကို သိမ်းဆည်းရမိခဲ့ကာ ၎င်းတို့လုယူခဲ့သည် နယ်မြေများအလိုက် အမှုများကို အရေးယူဆောင်ရွက်ခဲ့သည်။ ၎င်းတို့အား အမရပူရ မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၈၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျောင်းသူများထံမှ ရွှေနားကပ်လုယက်သူနှစ်ဦးအား မြို့နယ်ရဲတပ်ဖွဲ့က (၂၄)နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ



**ကျောက်ပန်းတောင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရွှေနောက်စမ်းကျေးရွာမှ လက်ပံပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ စာမေးပွဲဖြေရန် သွားရောက်ကြသည့် ကျောင်းသူငါးဦးထံမှ ရွှေနားကပ် လုယက်သူများကို မြို့နယ်ရဲတပ်ဖွဲ့စခန်းက (၂၄)နာရီအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရရှိခဲ့သည်။

ဖြစ်စဉ်မှာ ရွှေနောက်စမ်းကျေးရွာနေ ဒေါ်ငွေလှိုင်က အောက်တိုဘာ ၅ ရက် နံနက် ၇ နာရီခွဲတွင် သမီးဖြစ်သူ မအေးပြည့်စုံနှင့် သူငယ်ချင်းလေးဦးသည် ရွှေနောက်စမ်းကျေးရွာမှ လက်ပံပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ စာမေးပွဲဖြေဆိုရန် သွားရောက်စဉ် ရွာနှစ်ရွာကြားအရောက်၌ အဆိုပါ ကျောင်းသူငါးဦး၏ ရွှေနားကပ်များအား လူနှစ်ဦးက လုယက်သွားကြောင်း အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ လာရောက်တိုင်ကြားခဲ့သည်။ အဆိုပါအမှုအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး ညောင်ဦးခရိုင် ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်ဝင်း၊ ကျောက်ပန်းတောင်းမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးစိုးနှင့် ကျောက်ပန်းတောင်းမြို့ ခေတ္တမြို့မ ရဲစခန်းမှူး ရဲအုပ် ကျော်ကျော်ဝင်းတို့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့်၊ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဆန်းလွင်နှင့်အဖွဲ့သည် လိုက်လံစုံစမ်းဖော်ထုတ်ခဲ့ရာ တရားခံ သန်းမင်းဌေး(၁၉)နှစ်(ဘ)ဦးကျော်ဦး လက်ပံပင်ကျေးရွာနေသူနှင့် တရားခံ လင်းမြတ်နောင်(၁၉)နှစ်(ဘ)ဦးမော်တင်း လက်ပံပင်ကျေးရွာနေသူတို့နှစ်ဦးအား ၎င်းတို့ လုယက်ယူဆောင်သွားသည့် နားကပ်လေးရံ၊ နားကွင်းတစ်ဖက်နှင့် ငွေသား ၁၁၀၀၀၀ ကျပ်တို့အား အခင်းဖြစ်ပြီး (၂၄)နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပြီး လုယက်မှုကျူးလွန်သူ တရားခံများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၅၆)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀က သတင်းအရ သက်သေများနှင့်အတူ ရပ်စောက်မြို့၊ ကျောက်ဂူ-ရပ်စောက်သွားကားလမ်းတွင် ခင်မောင်ထွန်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခင်မောင်ထွန်း(၃၇)နှစ်ဆိုသူအား ရပ်စောက်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဗန်းမော်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားမဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ် အပိုပစ္စည်း ၂၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ကလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်ထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Skill Min Thar Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ဘိုအောင်နိုင်အား ညနေ ၆ နာရီ ၅ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ချင်းတွင်းမြစ်ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၈) သုခဝတီရပ်ကွက် ချင်းတွင်းမြစ်ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက် သမားများသည် အဆိုပါ မြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ ရှိကြောင်း၊ ထို့အပြင် ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှု မရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ





ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက် အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲစေရန်အတွက် အထောက်အထား မရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန် လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးအား ပစ်ခတ်ဖမ်းဆီး





အကြမ်းဖက်သမား၏ ဆိုင်ကယ်မှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှစ်လုံးကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး-ပုဂံသွားကားလမ်းပေါ်၌ အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် လက်လုပ်မိုင်းများ သယ်ဆောင်လာသည့် အကြမ်းဖက်သမားတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုမရှိစေရေးနှင့် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့နံနက် ၆ နာရီခန့်တွင် ပုဂံမြို့တွင်းသို့ ညောင်ဦးမြို့ဘက်မှ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား လိုအပ်သည်များ စစ်ဆေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်တိမ်းမှောက်ရပ်တန့်သွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဆိုင်ကယ်အား သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခွကြားတွင် ညှပ်၍သယ်ဆောင်လာသည့် ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသောလက်လုပ်မိုင်းနှစ်လုံး သိမ်းဆည်းရမိကာ ဆိုင်ကယ်မောင်းနှင်သူ အကြမ်းဖက်သမားသည် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်လုပ်ရပ်များ မကျူးလွန်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## မြန်မာဖိုက်တာ ဂျိုရှုအာဗန် အမေရိကန်ဖိုက်တာနှင့် ထိုးသတ်ရမည်

ရန်ကုန် အောက်တိုဘာ ၈

နာမည်ကြီးတိုက်ခိုက်ရေးအဖွဲ့အစည်းဖြစ်သော UFC နှင့် လက်တွဲထားသည့် မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် လာမည့်ပွဲစဉ်တွင် အမေရိကန်ဖိုက်တာနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ဂျိုရှုအာဗန်သည် ယခုနှစ်အတွင်း လေးပွဲမြောက်ပွဲစဉ်အဖြစ် ကိုဒီဒါဒန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး UFC နှင့် လက်တွဲပြီးနောက် ခြောက်ပွဲမြောက် ထိုးသတ်ရမည့်ပွဲလည်းဖြစ်သည်။ ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲအပြီး ငါးပွဲ ထိုးသတ်ရာတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး



အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်(ဝဲ)နှင့် မြန်မာဖိုက်တာ ဂျိုရှုအာဗန်(ယာ)

ယခုနှစ်အတွင်း ထိုးသတ်ထားသည့် သုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၄ ရက်က မက္ကဆီကိုနိုင်ငံသား အက်ဂါနှင့် ထိုးသတ်ရာ အမှတ်ဖြင့်အနိုင်ရထားသည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စုစုပေါင်း ၁၃ ပွဲ ထိုးသတ်ထားရာ ၁၁ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-UFC

## စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချ

မိုင်းယောင်း အောက်တိုဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၌ အောက်တိုဘာ ၄ရက် နံနက်ပိုင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းယောင်းတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးမွေးမြူထားသော အသား၊ ငါး၊ ကြက်ဥ၊ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို နိုင်ငံ့ဝန်ထမ်းမိသားစုများအား ရောင်းချပေးသည်။

ထိုသို့ သက်သာသောဈေးဖြင့် ရောင်းချပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းတပ်နယ် တပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လာရောက်ဝယ်ယူကြောင်း သိရသည်။

နန်းစီဖေါင်း(ပြန်/ဆက်)




## 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၄ရက်တွင် စတင်မည်



**လန်ဒန် အောက်တိုဘာ ၈**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၁၄ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils ဖြစ်သည်။ (အပေါ်ဓါတ်ပုံ)

(NGB)

## နည်းပြ ဆီမြွန်နီအင်ဇာဂီ အင်တာမီလန်အသင်းတွင် ဆက်ရှိမည်

**မီလန် အောက်တိုဘာ ၈**

နည်းပြ ဆီမြွန်နီအင်ဇာဂီက မိမိအနေဖြင့် အင်တာမီလန်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အင်တာမီလန်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ ဆီမြွန်နီအင်ဇာဂီသည် အင်တာမီလန်အသင်းအား ၂၀၂၁ ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၆၇ ပွဲတွင် ၁၀၉ ပွဲနိုင်၊ ၃၁ ပွဲ သရေ၊ ၂၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြ ဆီမြွန်နီအင်ဇာဂီက "ကျွန်တော် အင်တာမီလန်အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းကို အောင်မြင်မှုတွေ များစွာရယူပေးသွားချင်ပါတယ်" ဟု ပြောသည်။ (အောက်ပုံ)

(NGB)





## ဒူဗန်ဇာပါတာ အရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

**တူရင် အောက်တိုဘာ ၈**

စီးရီးအေကလပ် တိုရီနိုအသင်း တိုက်စစ်မှူး ဒူဗန်ဇာပါတာ အရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် စီးရီးအေပွဲစဉ်အဖြစ် တိုရီနိုအသင်းက အင်တာမီလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒူဗန်ဇာပါတာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် တိုရီနိုအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (အပေါ်ပုံ)

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒူဗန်ဇာပါတာသည် တိုရီနိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၁၆ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ဂါနာချို ဒူးဒဏ်ရာကြောင့် အာဂျင်တီးနားလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် အောက်တိုဘာ ၈**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဂါနာချိုသည် ဒူးဒဏ်ရာကြောင့် ၂၀၂၆ကမ္ဘာ့ဖလား ခြေစစ်ပွဲများကစားရန်ရှိနေသည့် အာဂျင်တီးနားလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂါနာချိုသည် ကလပ်အသင်းဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းက အက်စတွန်ဗီလာအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

တောင်ပံကစားသမား ဂါနာချိုသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၄ခုနှစ်အတွင်း နိုင်ငံတကာပွဲစဉ် ၇ပွဲ ပါဝင်ကစားထားသည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲစဉ်အဖြစ် လာမည့်အောက်တိုဘာ ၁၁ရက်တွင် ဗင်နီဇွဲလားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## ကွမ်ဆာ လီဗာပူးအသင်းနှင့် ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လီဗာပူး အောက်တိုဘာ ၈**

လီဗာပူးအသင်းသည် အသင်းလူငယ် နောက်ခံကစားသမား ကွမ်ဆာအား ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅ပွဲကစားကာ ၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွမ်ဆာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)



## ဇူဘီမန်ဒီအား လာမည့်ဈေးကွက်အတွင်း မန်ချက်စတာစီးတီးအသင်း ခေါ်ယူသွားမည်

**မန်ချက်စတာ အောက်တိုဘာ ၈**

မန်ချက်စတာစီးတီးအသင်းသည် အသင်း အဓိက ကွင်းလယ်ကစားသမား ရိုဒရီဒဏ်ရာရရှိခဲ့မှုကြောင့် ကွင်းလယ်ပိုင်း ဖြည့်တင်းရန်အတွက် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အရခေါ်ယူသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၇ ပွဲကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

ဆိုစီဒက်အသင်းကလည်း ဇူဘီမန်ဒီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဆိုစီဒက်အသင်းထံမှ ဇူဘီမန်ဒီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



### ဘောလုံးသတင်း အတိုအထွာများ

* ပြင်သစ်လီဂူး ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းသည် မန်ချက်စတာစီးတီးအသင်း ဂိုးသမား အီဒါဆင်အား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေပြီး လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီးရီးအေကလပ် ကိုမိုအသင်း နောက်ခံကစားသမား မာကိုကာတို ရာသီကြိုခြေစမ်းပွဲစဉ်တွင် ဝုဖ်အသင်းကစားသမား ဟွမ်ဟီချန်းအား လူမျိုးရေးခွဲခြားမှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက ၁၀ ပွဲ ပယ်ဖြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ (NGB)

## ဒူရမ် အက်စတွန်ဗီလာအသင်းနှင့် ၂၀၃၀အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၈**

အက်စတွန်ဗီလာအသင်းသည် အသင်းတိုက်စစ်မှူး ဒူရမ်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အက်စတွန်ဗီလာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဒူရမ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်း ထုတ်ပြန်ချက်တွင် "ဒူရမ်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)




### နိုင်ငံတကာဘောလုံး ခြေစမ်းပွဲစဉ် (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၅း၃၀ နာရီ | ဗီယက်နမ် - အိန္ဒိယ |

## မြင်းကပါကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရွှေဇဝါယွန်း(ရိုးရာ၊ ခေတ်မီ)ကာလတိုမွမ်းမံသင်တန်း ဖွင့်လှစ်

**ညောင်ဦး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ဒေသခံကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရွှေဇဝါယွန်း(ရိုးရာ၊ခေတ်မီ) ကာလတိုမွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြတ်သိန်းက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်နှင့်သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြ ဆရာ ဦးမျိုးကျော်သူက သင်တန်းတွင် ပို့ချသင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦး၏ ကြီးကြပ်မှုဖြင့် သင်တန်းနည်းပြများက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ရပ်တည်လုပ်ကိုင်နိုင်အောင် ရွှေဇဝါယွန်းထည်ပစ္စည်းအမျိုးမျိုး ပြုလုပ်ပုံအဆင့်ဆင့်အား(ရိုးရာ၊ ခေတ်မီ)နည်းပညာများဖြင့် ဆန်းသစ်တီထွင် ဖန်တီးပြုလုပ်နည်း ဘာသာရပ်ဆိုင်ရာများကို သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ စနစ်တကျ ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။ ထိုသင်တန်းအား ခရီးသွားကျေးရွာစီမံကိန်း(Tourism Village)လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)





## (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

**မင်းဘူး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ စကုမြို့၌ (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက စကုမြို့ အမှတ်(၁)ရပ်ကွက်၊ ဈေးရပ်ရှိ စကုမြို့နယ်လုံးဆိုင်ရာ နေ့စဉ်အရဏ်ဆွမ်း လောင်းလှူရေးအသင်း ဂေါ်ဆွမ်းမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် မြို့နယ်အတွင်း၌ ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီး၊ဆရာမကြီးများအား ရည်စူး၍ ပင့်သံဃာ ဆရာတော်များနှင့် ဆရာကြီး၊ ဆရာလေးအပါး ၁၈၀ ကျော်အား တတိယအကြိမ်မြောက် နေ့ဆွမ်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။ ဆက်လက်၍ အာစရိယပူဇော်ပွဲအခမ်းအနားတွင် စကုမြို့ အ·မ·က(ကျောင်းရွာ)မှ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသားသီချင်းဖြင့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုသီဆိုဖျော်ဖြေခြင်း၊ စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထက်အောင်ဇော်က အဖွင့်အမှာစကားပြောကြားခြင်း၊ ဘဏ္ဍာရေးမှူး ဦးထွန်းထွန်းဦးက (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး အနယ်အရပ်ရပ်မှ တပည့်သားသမီးများ၊ စကုမြို့ပေါ်ရပ်ကွက်နှင့် နီးစပ်ရာကျေးရွာ ပေါင်း ၃၇ ရွာမှ အလှူခံရရှိမှု ရငွေ၊ သုံးငွေ စာရင်းရှင်းတမ်းအား ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၀၈ ဦးအား တပည့်ဟောင်း ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ပူဇော်ကန်တော့ချီးဖြင့် ရွတ်ဆိုပူဇော်ကန်တော့၍ အလှူငွေများနှင့် လက်ဆောင်ပစ္စည်းများဖြင့် လက်ဝယ်အရောက် ပူဇော်ကန်တော့ခြင်း၊ ဆရာကြီးတစ်ဦးက ဆုံးမဩဝါဒဆုတောင်းစကား ပြန်လည်ပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်နှင့် စကုမြို့အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးတို့က အာစရိယပူဇော်ပွဲ ကျင်းပနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စကုမြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဦးဆောင်ကျင်းပသည့် (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲတွင် ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၀၈ ဦးအား ပူဇော်ကန်တော့ငွေအဖြစ် အသက် ၈၀ နှင့်အထက် ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်း၊ အသက် ၇၀ နှင့်အထက် တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀ နှုန်း၊ အသက် ၇၀ နှင့်အောက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်း အပြင် (၂၂)ကြိမ်မြောက် စကုမြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲအထိမ်းအမှတ် လွယ်အိတ်များဖြင့် ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

(၅၀၀)

## သရက်မြို့၌ တောင်သူများအား သွင်းအားစု ကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဝါသီးနှံတိုးချဲ့ရေးစီမံကိန်းအရ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးသော တောင်သူများအား သွင်းအားစု ကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဆောင်ရွက်ခဲ့ရာ ဖိတ်ကြားထားသည့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။

အဆိုပါအခမ်းနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကြည်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ဝတ်ရေးဖူလုံရေးအတွက် ချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး သရက်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ချည်မျှင်ရှည်ဝါ စိုက်ဧက ၄၀၁၂ ဧကရှိပြီး အထွက်နှုန်း ၄၉၂ ဒသမ ၂၂ ပိဿာ ထွက်ရှိခဲ့ပြီး ၈၄၀၀ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားချက်အပေါ် ၆၁၁၄ ဧက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခင်နှစ်ထက် ၂၁၀၂ ဧက ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း ပြောကြားပေးခဲ့သည်။

ထို့နောက် ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးသော တောင်သူများအား သွင်းအားစုကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ အုပ်စုများမှ တောင်သူများက လက်ခံပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**စော်ဝမ်းထွန်း(အောင်လံ)**



## မိုးစပါး ဆင်းကေရီ- ၃ တင်း(၁၀၀)အထက် ထွက်ရှိရေး စံပြစိုက်ခင်းစံကွက် ရိတ်သိမ်း

**ကျိုင်းလပ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ ၂၀၂၄-၂၀၂၅ မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေး စံပြစိုက်ခင်းစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မိုင်းပါလွှိုအုပ်စုရပ်ကျေးစာရေး၊ မြို့စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းအောင်၊ မြို့ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်တာနှင့်ဝန်ထမ်းများက ကျိုင်းလပ်မြို့ မိုင်းပါလွှိုအုပ်စု၊ ဝမ်မီးမိုင်ကျေးရွာရှိ ကွင်းအမှတ်-၈၃၊ ဆည်ရေသောက် ဧရိယာကွင်းတွင် တောင်သူ ဦးအိုက်ကွမ်း စိုက်ပျိုးထားသော ဆင်းကေရီ- ၃ စပါးစိုက်ခင်းကို ၆ ဒသမ ၆ ပေပတ်လည် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် မိုးစပါး ဆင်းကေရီ- ၃ အစိုအထွက်နှုန်း ၁၃၂ ဒသမ ၈၁ တင်းနှင့် အခြောက်ထွက်နှုန်း ၁၂၂ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**လဲချား အောက်တိုဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် အ·လ·က(၁)ကျောင်းတွင် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ရည်ရွယ်၍ အခြေခံပညာကျောင်းများကို အလှည့်ကျစနစ်ဖြင့် ယခုလိုပြပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်အန္တရာယ်အသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**မိုင်းယောင်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မုန်းလိုက်ကျေးရွာအုပ်စု၊ မိုင်းဟစ်ကျေးရွာ စွန်ဟိန်းဂူသာသနာ့နယ်မြေအတွင်းရှိ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုဖူးမြော်သည်။ ယင်းနောက် မိုင်းဖြတ်-မိုင်းယောင်းလမ်းမုန်းလိုက်တံတားတွင် တည်ဆောက်ထားသော မြေထိန်းနံရံယာယီပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် မုန်းလိုက်တံတားပျက်စီးမှုမရှိစေရေး နမ့်ပုန်းချောင်းရေစီးလမ်းကြောင်း ပြောင်းလဲစီးဆင်းနေခြင်းကို မူလအတိုင်း ပြန်လည်စီးဆင်းစေရေး ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟောင်ကြန့်ကျေးရွာအုပ်စု၊ ရဲဘော်ဟောင်းကျေးရွာ၌ နိုင်ငံတော်မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်လျက်ရှိသော "ထွန်းတောက်"စာကြည့်တိုက် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုနှင့် ခိုကဲ-ပါမန်း-ဝမ်ကောင်း-ဝမ်တောင်းလမ်း(ဓာတ်လုံစေတီတော်သွားလမ်း)ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဝမ်တောင်းကျေးရွာ၌ ဓာတ်လုံစေတီတော်အဆင်း လမ်းတည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး အလှူငွေကျပ် ၀ ဒသမ ၈၁ သန်း ပေးအပ် လှူဒါန်းကာ စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့သည်။

ဗလမင်းထင်ခန်းမ၌ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအတွက် ထောက်ပံ့ ငွေကျပ် ၁ သန်း၊ VDP လုပ်ငန်းဆောင်ရွက်ရန် ကျေးရွာနှစ်ရွာအတွက် ငွေကျပ် ၃၀သန်းတို့အား ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် အ·ထ·က(တပ်တွင်း)ကျောင်း၌ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်ပြီးစီးမှုအခြေအနေအား လှည့်လည်ကြည့်ရှုပြီး ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၁ သန်းပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကန်တော့ခံ (၇၀)နှစ်အထက် ဆရာကြီး၊ ဆရာမကြီး ၆၃ ဦး၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းနားတွင် ဆရာ၊ ဆရာမများက အဖွင့်သီချင်းသီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ပြောကြားပေးခဲ့ပြီး ဆရာကြီး၊ ဆရာမကြီး ၁၀၅ ဦးအား ကန်တော့ငွေများ လှူဒါန်းပေးခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် ဆရာကြီး၊ ဆရာမကြီးများအား တက်ရောက်လာသည့် ဆရာ၊ ဆရာမများက သြကာသကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား အငြိမ်းစားဆရာကြီး ဦးအောင်ကျော်စိုး၊ ဆရာမကြီးဒေါ်တင်တင်ဝင်းနှင့် ဆရာကြီး ဦးသန်းနိုင်တို့က ဆုပေးဩဝါဒစကား မြွက်ကြားပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# ကြို့ပင်ကောက်မြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကြို့ပင်ကောက် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့တွင် ထိုင်းနံ့ကောက် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို လက်ပံပင်စုကျေးရွာအုပ်စု၊ တမံဆည်ကျေးရွာမှ တောင်သူ ဦးခင်ဇော်၏ မိုးစပါး ၅ ဧက စိုက်ခင်းတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ထိုင်းနံ့ကောက် စပါးမျိုးအား ပေါင်းတည်မြို့ မျိုးသန့်ခြံမှ ဝယ်ယူစိုက်ပျိုးထားခြင်းဖြစ်ကြောင်း သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ ထည့်သွင်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါး ၁၃၂ ဒသမ ၂၇ တင်းခန့်ထွက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ပိုမိုထွက်ရှိခဲ့ကာ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များဖြင့် စိုက်ပျိုးခဲ့သောကြောင့် အထွက်နှုန်းတိုးတက်ရရှိခဲ့ကြောင်း တောင်သူ ဦးခင်ဇော်ထံက သိရသည်။

ထိုင်းနံ့ကောက် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ဇေယျာထွန်း(ကြို့ပင်ကောက်)

# မြို့မဈေးမီးဘေးလုံခြုံရေးနှင့်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး



**ပွင့်ဖြူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ဈေးမီးဘေးလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအတွင်း ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျရောင်းချမှု ရှိ၊ မရှိ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ဈေးရောင်းဈေးဝယ်နိုင်ရေး ဈေးဆိုင်ခန်းများအလိုက် သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်သွားရန်၊ မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် ပုံကျဈေးသည်များ သတ်မှတ်နေရာများတွင် စနစ်တကျ ဈေးရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပွင့်ဖြူမြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေး လေးခုကို ဈေးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဈေးလုံခြုံရေးနှင့် မီးဘေးလုံခြုံရေးအတွက် နေ့ညမပျက် ကွင်းဆင်းစစ်ဆေးခြင်း၊ ဈေးသူဈေးသားများ စနစ်တကျဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ကာ ဈေးဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှုရှိပြီး ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး ကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိထံမှ သိရသည်။

(အပေါ်ပုံ)


(၄၄၅)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့။



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## နေကာမျက်မှန် ဝယ်မယ်ဆိုရင် သိထားသင့်တဲ့အချက်များ




နေကာမျက်မှန်တွေဟာ အရွေးမှန်ရင် တော်ရုံမျက်နှာပေါက် မလှသူကိုတောင် အချိုးကျကာ ကြည့်ကောင်းသွားစေနိုင်ပြီး လူတစ်ယောက်ကို ပိုလို့ခံ့ညားတဲ့ အသွင်ဆောင်စေပါတယ်။ ရာသီဥတုကြောင့် မျက်စိကျန်းမာရေး မထိခိုက်အောင်ဖြစ်ဖြစ် ဖက်ရှင်အရ အသွင်ဆန်းချင်လို့ပဲဖြစ်ဖြစ် နေကာမျက်မှန်ဝယ်မယ်ဆိုရင် ဒီအချက်လေးတွေကို ထည့်စဉ်းစားဖို့ လိုပါတယ်။

ဘယ်လိုမျိုး မျက်မှန်ဖရိန်ကို ရွေးသင့်လဲဆိုရင် နဖူးကျယ်ပြီး မေးချွန်သွားတဲ့ တြိဂံမျက်နှာပိုင်ရှင်တွေ Wrap Aroung Sunglasses/ Brownline နဲ့ လေးထောင့်ဆန်တဲ့ Wrap Around Rectangle ဒီဇိုင်းတွေ ရွေးတာကောင်းပါတယ်။ အသည်းပုံမျက်နှာပိုင်ရှင်တွေကတော့ လေးထောင့်ဆန်တဲ့ Wrap Around Rectangle ဒီဇိုင်း၊ Aviator Sunglasses ၊ Geometric Sunglasses နဲ့ Wrap Aroung Sunglasses တွေ ရွေးချယ်သင့်ပါတယ်။ Diamond မျက်နှာပိုင်ရှင်တွေအနေနဲ့ အဝိုင်းစတိုင်၊ ဘဲဥပုံစတိုင်၊ Aviator Sunglasses နဲ့ Warp Around Sunglasses တွေက အလိုက်ဖက်ဆုံးပါပဲ။ မျက်နှာဝိုင်းတဲ့ သူဆိုရင်တော့ Rectangle ၊ Square ၊ Aviators Sunglassess အပြင် Wrap Around Sunglasses မျိုးကို ရွေးချယ်သင့်ပါတယ်။ မျက်နှာရှည်တဲ့သူတွေကတော့ Classic Way Frame Sunglasses၊Clubmaster / Brownline ပုံစံတွေနဲ့ Oval Shape၊Aviator Sunglasses၊ Round Shape ၊ Geometric အပြင် Wrap Around Sunglasses မျိုးတွေလည်း ဝတ်ဆင်နိုင်ပါတယ်။

**Daisy**



## နနွင်းရဲ့ အလှအပဆိုင်ရာ အသုံးဝင်ပုံများ

ဟင်းချက်တဲ့နေရာမှာသုံးတဲ့ မီးဖိုချောင်ရဲ့မပါမဖြစ် နနွင်းက အသားအရေအတွက် ကောင်းကျိုးများစွာရှိတာ သိကြပါသလား။ နနွင်းကို အိန္ဒိယအမျိုးသမီးတွေက အလှအပရေးရာအတွက် အသုံးပြုခဲ့ကြတာ ရှေးနှစ်ပေါင်းများစွာတည်းကပါ။

နနွင်းက သဘာဝပိုးသတ်ဆေးတစ်မျိုးလို့ပြောလို့ရပြီး ဝက်ခြံဖြစ်စေတဲ့ ဘက်တီးရီးယားတွေကို တိုက်ဖျက်ပေးနိုင်ပါတယ်။ နနွင်းစစ်စစ်ကို ရေနဲ့ဖျော်ပြီး ဝက်ခြံလေးပေါ် တို့ထားလိုက်ရုံပါပဲ။

နေလောင်တာကြောင့် အသားအရေ ပျက်စီးတာ၊ အမည်းစက်တွေ ဖြစ်တာကိုလည်း နနွင်းက သက်သာစေပါတယ်။ နေရောင်ကြောင့်ဖြစ်တဲ့ အသားအရေ ထိခိုက်မှုတွေအတွက် အိမ်တွင်းဆေးနည်းကောင်း ရှာဖွေနေရင်တော့ နနွင်းကို သတိရလိုက်ပါတယ်။ နနွင်းမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝတာကြောင့် အရေပြားဆဲလ်တွေရဲ့ လုပ်ဆောင်မှုကို ပိုမိုကောင်းမွန်စေပါတယ်။ နနွင်းနဲ့ သံလွင်ဆီကို ဆတူရောပြီး အကြောပြတ်တဲ့နေရာတွေပေါ် လိမ်းပေးမယ်ဆိုရင် အကြောပြတ်ရာတွေကို တဖြည်းဖြည်း သက်သာစေပါတယ်။ စိတ်ရှည်ရှည်နဲ့ အချိန်ယူလုပ်ဖို့တော့ လိုမယ်နော်။

နနွင်းရဲ့ လူသိများတဲ့ ဂုဏ်သတ္တိတစ်မျိုးကတော့ အနာကျက်စေခြင်းပါပဲ။ ဒါကြောင့် မီးဖိုချောင်ဝင်ရင်း အသေးစား ထိမိရှမိတာမျိုးဆိုရင် မေမေတွေက နနွင်းသိပ်ပေးတတ်ကြတယ်လေ။ ဒါကြောင့် အသေးစား ပြတ်ရှဒဏ်ရာတွေအတွက်ဆို နနွင်းက လက်တစ်ကမ်းမှာရှိတဲ့ အိမ်တွင်းဆေးဝါးတစ်ခုပဲနော်။

အိမ်တိုင်းနီးပါးမှာ အသုံးပြုနေကြတဲ့ နနွင်းမှုန့်ဆိုတာ နနွင်းပင်ရဲ့အမြစ်ကို ကြိတ်ပြီး အမှုန့်ပြုလုပ်ထားတာ ဖြစ်ပါတယ်။ အသားအရေအတွက် အသုံးပြုဖို့ဆိုရင် အမှုန့်တင်မကဘဲ နနွင်းတက်(နနွင်းပင်ရဲ့အမြစ်)ကို တိုက်ရိုက်သွေးပြီး အသုံးပြုနိုင်ပါတယ်။ အသုံးပြုတဲ့အခါ သေချာသန့်စင်ထားတဲ့ နနွင်းတက်ဖြစ်ဖို့တော့ သတိပြုဖို့လိုပါတယ်။

**Daisy**



## လေ့ကျင့်ခန်းနဲ့ အသားအရေ ကောင်းမွန်ခြင်း

လေ့ကျင့်ခန်းလုပ်တယ်ဆိုတာ ကျန်းမာရေးအတွက်လည်း ကောင်းမွန်စေတဲ့အပြင် အသားအရေကိုလည်း လှပစေပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်ပြီး ပုံသဏ္ဌာန်ရှိခြင်းအပြင် ခန္ဓာကိုယ်တွင်းရှိ အောက်ဆီဂျင်ကို ကောင်းစွာလည်ပတ်စေပြီး အသားအရေကို ပိုမိုကြည်လင် တောက်ပစေပါတယ်။ လေ့ကျင့်ခန်းလုပ်ဖို့အတွက် အားကစားခန်းမတွေမှာ သွားပြီးလုပ်မှမဟုတ်ပါဘူး ကိုယ့်အိမ်ပတ်ဝန်းကျင်တစ်ဝိုက်မှာ ပြေးခြင်းနှင့် လမ်းလျှောက်ခြင်းတွေကို တစ်လှည့်ပြုလုပ်ခြင်းဖြင့် အလွယ်တကူ စတင်နိုင်ပါတယ်။ လေ့ကျင့်ခန်းပြုလုပ်တော့မယ်ဆိုရင် အစမှာ သွေးပူခြင်း ငါးမိနစ်ဖြင့် စတင်ပြီးမှ လမ်းလျှောက်ခြင်းသို့မဟုတ် ပြေးခြင်း၊ ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းနဲ့ အနည်းငယ်ပြင်းထန်တဲ့လေ့ကျင့်ခန်းတွေကို တစ်လှည့်စီပြုလုပ်ပေးပါ။ဥပမာအားဖြင့် မိနစ် ၃၀ လျင်မြန်စွာ ပြေးခြင်း၊ ဖြည်းဖြည်းချင်း လမ်းလျှောက်ခြင်း ၃-၄ မိနစ်၊ ၄၅ မိနစ် - ၆၀ မိနစ်ခန့် ပြုလုပ်ပါ။ တစ်နေ့ကို အနည်းဆုံး ၅-၆ ပတ်လောက် လေ့ကျင့်ခန်းလုပ်ပေးဖို့ အရေးကြီးပါတယ်။ လေ့ကျင့်ခန်းကို အလွန်အကျွံလုပ်ဖို့မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒါက အလွန်ကို ပင်ပန်းနွမ်းနယ်စေနိုင်ပြီး အစာခြေစနစ်ကို ရပ်တန့်စေပြီး ခန္ဓာကိုယ်နှင့် အရေပြားကို ရေရှည်တွင် မွဲခြောက်စေပါတယ်။

**Daisy**

*-*-*-*-*

*-*-*-*-*-*-*

## ဆယ်ကျော်သက်ကျောင်းသူလေးလို ချစ်စရာကောင်းစေမည့် Outfit Idea များ

အဝတ်အစားဆိုတာ သူ့နေရာနဲ့သူ လိုက်ဖက်စွာ ဝတ်စားတတ်ရင် ပိုပြီးကြည့်လို့ကောင်းတဲ့အပြင် အဝတ်အစားဒီဇိုင်းပေါ်မူတည်ပြီး ငယ်ရွယ်နုပျိုတဲ့ အသွင်အပြင်ရရှိအောင် ဝတ်ဆင်လို့ရပါတယ်။ ဒီတစ်ပတ်မှာတော့ ငယ်ရွယ်နုပျိုတဲ့ ဆယ်ကျော်သက်လေးတွေဝတ်သလို ပုံစံတွေကို ဖော်ပြပေးပါမယ်။

(၁) မီနီစကပ်ကို ခါးပတ်အပါးပတ်ပြီး အပေါ်က လက်ဖောင်းအင်္ကျီ၊ ဆွဲသားလက်တိုအင်္ကျီလေးတွေနဲ့ တွဲဖက်ပြီး ချစ်စရာကောင်းတဲ့အိတ်လေးနဲ့ တွဲဝတ်ရင် ချစ်စရာကောင်းပါတယ်။

(၂) ခါးမဖော်ချင်တဲ့သူအတွက်ကတော့ Hoddie လေးတွေကို စကပ်နဲ့ တွဲဖက်ဝတ်တာမျိုး လုပ်နိုင်ပါတယ်။

(၃) Cropped Sweater လေးနဲ့ Mini စကပ်လေး တွဲဝတ်တာကလည်း အထာကျပြီး ဓာတ်ပုံရိုက်ရင်လည်းလှပါတယ်။

(၄) Oversiezed T-Shirt နဲ့ စကပ်တိုလေးကလည်း ထသွား၊ ထလာဝတ်ဖို့ အဆင်ပြေပြီး ငယ်ရွယ်နုပျိုတဲ့ပုံစံ ရစေပါတယ်။

(၅) ကိုရီးယားအထက်တန်းကျောင်းသူတွေဝတ်သလို အောက်က အဖြူခံပြီး အပေါ်ကနေ ဆွယ်တာလိုမျိုးထပ်ဝတ်တဲ့ပုံစံ ဝတ်ကြည့်ပါ။

**Daisy**




## အနံ့ဆိုးတွေကို ဖယ်ရှားပေးမယ့် ရှာလကာရည်

ရှာလကာရည်ဟာဆိုရင်လည်း အနံ့ဆိုးတွေဖယ်ရှားရာမှာ ထိရောက်တဲ့ ပစ္စည်းတစ်ခုပါပဲ။ ရေနဲ့ ရှာလကာရည်ကို ဆတူရော၊ စပရေးဘူးထည့်ပြီး အနံ့ဆိုးထွက်နိုင်တဲ့ မျက်နှာပြင်တွေနဲ့ ဘောစင်တွေထဲကို ဖျန်းနိုင်ပါတယ်။ ရှာလကာရည်က အနံ့ဆိုးထွက်စေတဲ့ ဘက်တီးရီးယားပိုးမွှားတွေကို ဖယ်ရှားပေးပြီး သင့်ရဲ့ မီးဖိုချောင်ကို သန့်ရှင်းမွှေးပျံ့စေမှာပါ။

အခု ပြောပြပေးသွားတဲ့ နည်းလမ်းတွေအပြင် ဘောစင်အောက်မှာ အနံ့ဆိုးတွေ စုပုံမသွားအောင် ဒီနည်းလမ်းတွေကိုလည်း လိုက်လုပ်ကြည့်ဖို့ အကြံပေးပါရစေ။ ပထမဆုံးအနေနဲ့ စားကြွင်းစားကျန်တွေကို သေချာလေးစွန့်ပစ်ပါ။ ဒုတိယတစ်ခုအနေနဲ့ ဖိတ်စင်တာမျိုးတွေ၊ အစွန်းတွေကို ပုံမှန်လေးသုတ်ပေးပါ။ ပြီးရင် မီးဖိုချောင်ကို သန့်သန့်ရှင်းရှင်းနဲ့ ခြောက်ခြောက်သွေ့သွေ့လေး ထားပေးပါ။ ဒီလိုထားပေးမယ်ဆိုရင်တော့ သင့်အနေနဲ့ သန့်ရှင်းပြောင်လက်ပြီး အနံ့ဆိုးကင်းတဲ့ မီးဖိုချောင်လေးကို ပိုင်ဆိုင်နိုင်မှာပဲဖြစ်ပါတယ်။ ဒီဆောင်းပါးကို ဖတ်ပြီး ဈေးသွားတဲ့အခါ မုန့်ဖုတ်ဆိုဒါနည်းနည်းပဲဖြစ်ဖြစ်၊ ရှာလကာရည်တစ်ဘူးလောက်ပဲဖြစ်ဖြစ်ဝယ်လာပြီး ဒီနည်းလမ်းတွေအတိုင်း စမ်းသပ်ကြည့်ဖို့ မမေ့ပါနဲ့နော်။

**Daisy**



## မင်းဘူး-မကွေးတံတားထိပ်ရှိ ခုနစ်ဆောင်တန်းဘုရားများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်



**မင်းဘူး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ မကွေး-မင်းဘူး တံတားထိပ် ဧရာဝတီမြစ်ကမ်းဘေးရှိ ခုနစ်ဆောင်တန်းဘုရားများကို ယနေ့ နံနက် ၇ နာရီက ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်ခြင်းကို ဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းများတွင် သစ်ပင်၊ မြက်ပင်အမှိုက်သရိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ဆယ်ဖို့ခြင်းများကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိသည်။

ထိုကဲ့သို့ မြို့ရွာသန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

## ဉယျာဉ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ဉယျာဉ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူတို့က ဉယျာဉ်ကျေးရွာ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့်အတူ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဉယျာဉ်ကျေးရွာ၌ အရှည် ၆၆၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊



ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၀ သန်း၊ စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၇၀ သန်းဖြင့် ဉယျာဉ်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၁၇၈၊ အကျိုးပြု လူဦးရေ ၉၇၂ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။

(အပေါ်ပုံ)(၄၆၉)

## (နဝမကြိမ်မြောက်)မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေကျပ် ၃၉၄ သိန်း ထုတ်ချေးပေး

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာအုပ်စု၊ အနောက်ရေပြားတော်ကျေးရွာတွင် ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ယမန်နေ့က နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေကျပ် ၃၉၄ သိန်း ထုတ်ချေးပေးခဲ့သည်။

ထိုသို့ စီမံကိန်းချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီဝင်များနှင့် ပြည်သူများအားတွေ့ဆုံပြီး ယခင်နှစ်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် များစွာကျေးဇူးတင်စကားပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ အနောက်ရေပြားတောကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၂ ဦးအတွက် ငွေကျပ် ၂၈၅ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၆ ဦးအတွက် ငွေကျပ် ၁၀၉ သိန်း၊ စုစုပေါင်း ငွေကျပ် ၃၉၄ သိန်းအား ငွေချေးပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။



မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် အနောက်ရေပြားတော်ကျေးရွာမှပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကိုလျှော့ချနိုင်ခြင်း၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာပြည်သူများမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကျေးလက်လူထု၏စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်နိုင်သောဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများပေါ်ပေါက်လာခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၇၂၈)


သန့်ရှင်းသာယာ

မန္တလာ

ဝိုင်းဝန်း

ထိန်းသိမ်းပါ။



ဖတ်စရာ၊ မှတ်စရာ

စုံလင်

ပန္နက်ဒေါင်း


## နိုင်ငံသားကောင်း

* ကိုယ်လက်သန့်စင်
ဝတ်ဆင်သန့်ရှင်း
နေထိုင်ခြင်းသည်
ကိုယ်တွင်းကိုယ်ပ ကျန်းမာရလိမ့်။

* မိမိနေရာ
အိမ်ဂေဟာနှင့်
မှီရာရပ်ကွက်
ရေထွက်ရေဆင်း
သန့်သန့်ရှင်းအောင်
ဆောင်ရွက်ကျန
နေထိုင်ကြလျှင်
လုပသန့်ရှင်း
နေပျော်ခြင်းမှ
သုခရမည် သေချာသည်တည့်။

* ရပ်ကွက်မှမြို့
မြို့မှနိုင်ငံ
သန့်ရှင်းရန်သည်
ကိုယ်စီအသိ
အပြည့်ရှိမှ
ရရှိသန့်ရှင်း
ကျန်းမာခြင်းစုံ သာယာကုန်၏။

* ကိုယ့်တာဝန်သိ
စည်းကမ်းရှိပြီး
အသိပြည့်မှု
ဆိုပြည်သူကား
နိုင်ငံသားကောင်း ဖြစ်သတည်း။ ။

နိုင်ဗလ



# သတင်းပဒေသာ

## သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက မြို့ပေါ်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၅)စုတို့တွင် တစ်အိမ်တက် ဆင်းစာရင်းများ ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ချင်းပြည်နယ်၊ တီးတိန်ခရိုင်၊ တီးတိန်မြို့၌ ယမန်နေ့နံနက် ၉ နာရီက မြို့မထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းနှင့် ဆေးရုံသွား လမ်းဘေးဝဲ၊ ယာ ချုံနွယ်မြက်ပင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့်အဖွဲ့ဝင်များက ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပေါ်မှုများကြောင့် နစ်မြုပ်ခဲ့သည့်ကျေးရွာများသို့ ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများမှ တောင်သူများအား မျိုးစပါးထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် စစ်တောင်းမြစ်ဘေးဝဲ၊ ယာရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ခြင်းများဖြစ်ပွားခဲ့ပြီး ကျေးရွာ ၁၁ ရွာတွင် မိုးစပါးစိုက် ဧရိယာများ ပျက်စီးခဲ့သည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ တောင်သူများအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် ရက် ၉၀ မျိုးစပါးများ(တစ်ဧကလျှင် တစ်အိတ်နှုန်း) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်အထိ ကောက်ကွက်ပေါင်း(၇၉)ကွက် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်ခဲ့သည့် "ကမ္ဘာ့ဆရာများနေ့" အထိမ်းအမှတ်အဖြစ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပွင့်လင်းရာသီအမီ ဆောင်ရွက်သွားမည်



**မင်းဘူး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းရာသီအမီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ (အပေါ်ပုံ)

မင်းဘူး(စကု)မြို့နယ်တွင် စေတီပုထိုးပေါင်း ၁၆၈ ဆူရှိပြီး၊ အရံစေတီ ၂၀၀ကျော်ရှိကာ လေ့လာလည်ပတ်စရာ သမိုင်းအမွေအနှစ်အဖြစ် ထင်ကျန်နေသည့် နေရာများစွာရှိနေခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများ မျက်စိကျကာ ဒုတိယပုဂံဟုတင်စားခေါ်ဝေါ်ကြသည်အထိ စိတ်ဝင်စားမှုရှိခဲ့ကြသည်။ ထို့ကြောင့် ပွင့်လင်းရာသီအမီ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ လာရောက်လည်ပတ်တော့မည်ဖြစ်ရာ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောသည်။

ယခုဆိုလျှင် ရှင်မင်းဘူးဘုရားပရိဝုဏ်အတွင်းမှ စဓဗဝဘုရားပြုပြင်ခြင်းနဂါးပွက်တောင်အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် စက္ကိန်းတဲဘုရားအတက်လမ်းနှင့်အဆင်းလမ်းများလည်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းများ ဆောင်ရွက်တော့မည်ဖြစ်သည်။

မကြာမီလများတွင် ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်၍ မန်းရွှေစက်တော်ဘုရားပွဲတော်ရာသီလည်း နီးလာပြီဖြစ်ရာ ခရီးသွားပြည်သူများအနေဖြင့် သူတို့စိတ်ဝင်စားတဲ့ ရွှေစက်တော်ဘုရား၊ ဆင်စခန်းနှင့် ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်ခြံ၊ ကြယ်လိပ်ခြံများလည်း အဆင့်မြှင့်တင်ကာ တိုးချဲ့ပြင်ဆင်ဖွင့်လှစ်ထားပါက စိတ်ဝင်စားမှုကို မြင့်တက်စေကာ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဝင်ရောက်မှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။ (၅၀၄)

## အသက်(၁၀၀)နှစ်အထက် သက်ကြီးဘိုးဘွား (၂၁)ဦးအား အလှူငွေများ ထောက်ပံ့လှူဒါန်း

**နတ်မောက် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် အသက်(၁၀၀)နှစ်အထက် သက်ကြီးဘိုးဘွား ၂၁ဦးအား အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို ယမန်နေ့က ရပ်ကွက်၊ ကျေးရွာများ အရောက် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုသို့ အလှူငွေများထောက်ပံ့ပေးအပ်ရာတွင် နတ်မောက်မြို့၊ အောင်ဆန်းရပ်ကွက်ရှိ အဘွားဒေါ်ခင်မြသက်(၁၀၂)နှစ်၊ ရန်အောင်မြင်ရပ်ကွက်ရှိ အဘိုး(၁၂၀)နှစ်တို့အား တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းနှုန်းဖြင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့က ပေးအပ်ခဲ့ကြသည်။

နတ်မောက်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများရှိ အသက်(၁၀၀)နှစ်အထက် အဘိုးအဘွား ၂၁ဦးအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့လှူဒါန်းထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှင့် ဌာနဆိုင်ရာများ၏ လှူဒါန်းထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ် တစ်သောင်း၊ စုစုပေါင်း တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းနှုန်းဖြင့် သက်ကြီးအဘိုးလေးဦး၊ အဘွား ၁၇ဦး၊ စုစုပေါင်း ၂၁ဦးတို့အား လှူဒါန်းထောက်ပံ့ငွေကျပ် ၁၂၆၀၀၀၀ လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) လှဝင်း





## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့နေ လူမှုထုံးချွန် (ဒုတိယအဆင့်) ဦးခင်မောင်ဦးမွေးနေ့(ဇီဝိတဒါနသံဃာ့ဆေးရုံဆောက်လုပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်)က နှစ်စဉ် ဆွမ်း၊ ဆေး ပဒေသာပင် ငွေကျပ်ခြောက်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်း၊ ကွမ်း အတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

## မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၈**

၂၀၂၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၆ရက် နံနက် ၉နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန့်ဘလူခရိုင် ပညာရေးမှူး ဦးသန်းထိုက်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ဆရာမများက ကန်တော့ပစ္စည်းများ ဂါရဝပြု ပေးအပ်ကြသည်။ ကန်တော့ခံ ဆရာကြီး ဦးညွှန့်ရွှေ၊ ဆရာမကြီး ဒေါ်သန်းညွှန့်တို့က ဆုပေးစကား ပြောကြားသည်။

ကန့်ဘလူမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ရှိထင်ရှားမြို့နယ်အတွင်း အခြေချနေထိုင်လျက်ရှိသော အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲ၌ တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ၁၃၇ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ (၄၈၀)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းစောင့်ရှောက်ရေး

လင်းပိုင်သည် ဝေလငါး အငယ်စားမျိုးဖြစ်၍ ယင်းနှင့်အမျိုးနီးစပ်သည်။ လင်းပိုင်သည် ဆီတေဆီအီးမျိုးစဉ်တွင် ဒယ်လဖီနီဒီး မျိုးရင်း၌ ပါဝင်သည်။ ပါဏဗေဒ အလိုအားဖြင့် ဒယ်လဖစ်ဟုခေါ်သည်။ ဝေလငါးကဲ့သို့ပင် ငါး မဟုတ်ဘဲ နို့တိုက်သတ္တဝါဖြစ်သည်။ ပူနွေးသော မြေထဲပင်လယ်နှင့် မြောက်အတ္တလန္တိတ် သမုဒ္ဒရာတို့တွင် အများအပြားတွေ့ရှိရသည်။

အလျား ၆ ပေမှ ၈ ပေအထိရှည်၍ မေးရိုးနှစ်ဖက်တွင် သွားများရှိသည်။ ၆ လက်မခန့် အရှည်ရှိသည့် နှုတ်သီးကဲ့သို့သော နှာတံသည် ဦးခေါင်းရှေ့သို့သွယ်၍ ဆင်းသွားသည်။လင်းပိုင်၏ ကျောပိုင်းသည် ခပ်မည်းမည်းရှိ၍ အောက်ပိုင်းတွင် ဖြူနေကာ ဘေးနှစ်ဖက်တွင် မွဲပြာရောင်ရှိသည်။ လင်းပိုင် အမသည် တစ်ကြိမ်လျှင် သားတစ်ကောင်သာမွေး၍ သားကလေး မကြီးမခြင်း အထူးဂရုပြုကာ အမြဲစောင့်ရှောက်နေတတ်သည်။ မျိုးစိတ်ပေါင်း အမြောက်အမြားရှိသော်လည်း အားလုံးသည် အစားကိုင်မ်းငမ်း တက်စားသောက်တတ်ကြသည်။ အခြားငါးများနှင့် သေးငယ်သည့်ရေသတ္တဝါများကို စားသောက်ကြသည်သာမက ကောင်းစွာမသွားလာနိုင်ကြသော ဓာတ်တူသားလင်းပိုင်အိုများကိုပင် စားသောက်ကြသည်။

လင်းပိုင်များသည် အကောင်များစွာပါဝင်သည့် အစုအဖွဲ့အုပ်ကြီးဖွဲ့၍ နေတတ်ကြရာ ပင်လယ်ကူးသင်္ဘောစီးခရီးသည်များသည် သင်္ဘောအနီးတစ်ဝိုက်တွင် ယင်းတို့သွားလာခုန်ပျံလျက်ရှိသည်ကို တွေ့နိုင်ပေသည်။ သင်္ဘောဘေးခပ်လှမ်းလှမ်းမှ လေထဲသို့ ခုန်ပျံတက်လာပြီးလျှင် တစ်ဖန်ရေထဲသို့ ရှတ်ခြည်းထိုးဆင်းသွားတတ်ကြသည်။ သင်္ဘောစီးခရီးသည်တို့အား ယင်းတို့ ရေကူးကျင်လည်ကြောင်း ပြသသည့်အလား ရေပေါ်တွင် ဆပ်ကပ်ပြသကဲ့သို့ ကိုယ်များကို ကွေးကာကွေးကာ အမျိုးမျိုး ခုန်ပျံကူးသန်း၍ သင်္ဘောနှင့်ယှဉ်လျက် မိုင်ပေါင်းများစွာ လိုက်ပါသွားတတ်ကြသည်။

ခရီးသည်တို့လည်း ဤကဲ့သို့လင်းပိုင်တို့၏ ထူးဆန်းသည့်အပြုအမူများကိုကြည့်ရင်း တစ်နေဝင်တစ်နေထွက် အချိန်ကုန်ကြရလေသည်။ ယင်းသို့ လူတို့နှင့်ရင်းနှီးစွာ ယဉ်ပါးမှုများကြောင့် သမုဒ္ဒရာရှိ အခြားအခြားသော ရေသတ္တဝါတို့အတွက် လင်းပိုင်ကို လူအများခင်မင်ကြသည်ဟု ပြောဆိုကြသည်။

လင်းပိုင်တစ်မျိုးရှိသေးရာ ယင်းအမျိုးမျိုးသည် သမုဒ္ဒရာအတွင်းမနေဘဲ ကမ်းနှင့်မနီးမဝေးအရပ်များ၌ ကျက်စားတတ်ကြသည်။ ကမ်းခြေနှင့်ဝေးဝေးမသွားတတ်ကြချေ။ ထူးခြားချက်တစ်ခုရှိသည်။ ထူးခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုမှာ ယင်း၏အမြီးသည် အခြားသောငါးများကဲ့သို့ ဒေါင်လိုက်ပြားမနေဘဲ အလျားလိုက် ပြားလျက်ရှိနေသည်။ ရှေးရှက်သင်္ဘောများခေတ်က လင်းပိုင်သားကို သင်္ဘောသားများ အလွန်နှစ်သက်ကြသည်။ ယခုအခါ လင်းပိုင်သားများကို မစားကြတော့ချေ။ လင်းပိုင်ဆီသည် အလွန်အဖိုးတန်သော အဆီဖြစ်သည်။ လင်းပိုင်ဦးခေါင်းနှင့်မေးရိုးမှ ရသောဆီကို နာရီနှင့်တိကျသောကိရိယာများ ဆီထည့်ရာတွင် အသုံးပြုကြသည်။

မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ထဲတွင် လင်းပိုင်များအုပ်လိုက်နေကြသည်။ ဧရာဝတီလင်းပိုင်များသည် ဇွန်လပထမပတ်က ဝက်လက်မြို့နယ်၊ အင်းဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း ယခုအခါ မန္တလေးမြို့အနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင်ခန့် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

**'ဒီနေ့ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာထဲသို့ ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်တယ်။ ဒီနေ့မနက် ၈ နာရီလောက်က မန္တလေးမြို့အနီးမှာ ဧရာဝတီလင်းပိုင် ၁၇ ကောင်လောက် အုပ်စုလိုက် ပြောင်းရွှေ့ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်'**ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသော လင်းပိုင်များကို ရေလုပ်သားများအနေဖြင့် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြသည်။

မန္တလေးမှ ဗန်းမော်ထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ဧရာဝတီလင်းပိုင်သုတေသနစစ်တမ်းကောက်ယူရာတွင် မန္တလေးမှ ကျောက်မြောင်းကြား (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ-၁)၌ လင်းပိုင် ၂၈ ကောင်၊ ထီးချိုင့်-ကသာ-ရွှေကူ(ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ-၂)၌ လင်းပိုင် ၃၇ ကောင်၊ ဗန်းမော်မြို့နယ်တွင် လင်းပိုင် ၁၄ ကောင်၊ စုစုပေါင်း လင်းပိုင် ၇၉ ကောင်ကို သုတေသနပြုနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လင်းပိုင်သည် အုပ်စုလိုက်နေထိုင်တတ်ကြပြီး မြစ်ရေတက်ချိန်များတွင် ပြောင်းရွှေ့၍ နေထိုင်တတ်ကြသည်။ ဇွန်လဒုတိယပတ်က မန္တလေးမြို့နှင့် မင်းကွန်းအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၈ ကောင် ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း သိရသည်။ ရေတိုးလာသည့် မြစ်ရေများချိန်တွင် ဧရာဝတီလင်းပိုင်များ အုပ်စုလိုက် နေရာပြောင်းလေ့ ရှိသည်။ ယခင်က ဧရာဝတီလင်းပိုင်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားခဲ့ကြသည်။

နောက်ပိုင်းတွင် မန္တလေးမြို့နှင့် မင်းကွန်းအနီးတွင် ပြောင်းရွှေ့ကျက်စားသဖြင့် ဒေသခံများက ဝမ်းသာနှစ်သက်ကြသည်။မန္တလေးတိုင်းငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက အောက်ပါအတိုင်း ပြောကြားသည်။

**'အခု ဧရာဝတီလင်းပိုင်ကျက်စားနေတဲ့ မန္တလေးနဲ့ ကျောက်မြောင်းကြားကို သွားကြည့်ဖြစ်တော့ လတ်တလော လင်းပိုင်အသေအပျောက်မရှိသေးပါဘူး။ လင်းပိုင်သားပေါက်တွေလည်း ထပ်ပြီး မတွေ့ခဲ့ရသေးဘူး။ တကယ်လို့ ဧရာဝတီလင်းပိုင်သားပေါက်တွေကို ရေလုပ်သားတွေအနေနဲ့ တွေ့ရှိခဲ့ရင်လည်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအဖွဲ့ဆီကို အကြောင်းကြားပေးကြဖို့ လိုပါတယ်'** ဟု ပြောပြအသိပေးသည်။

လင်းပိုင်များကား ချစ်စဖွယ်ကောင်းသော ရေနေသတ္တဝါများဖြစ်ပြီး လူသားများအား အကျိုးပြုသောကြောင့် အမြဲမပြတ်စောင့်ကြည့်လျက်ရှိရာ ယခု ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် မင်းကွန်းအနီး ကျက်စားလျက်ရှိသော လင်းပိုင်များမှာ မတ္တရာမြို့နယ်တွင်းရှိ အင်းဒေါင်းကျေးရွာအနီးသို့ ပြောင်းရွှေ့ကျက်စားသွားခဲ့ကြောင်း သိရသည်။

**'ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲမှာ ဖြစ်တဲ့အတွက် လစဉ်တစ်လလျှင် သုံးကြိမ်သွားရောက်ကြည့်ရှု မှတ်တမ်းတင်မှုများပြုလုပ်ခဲ့ကြောင်း၊ ဇူလိုင်ပထမပတ်က ဧရာဝတီလင်းပိုင်များ မင်းကွန်းမြို့အနီး ကျက်စားနေရာမှ ဝက်လက်မြို့အနီး အင်းဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၅ ကောင် အုပ်စုလိုက် ပြောင်းရွှေ့ကျက်စားတာ မြင်ခဲ့ရပါတယ်'**ဟု အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောသည်။

ဧရာဝတီလင်းပိုင်များရှိနေသည့်အတွက် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပခရီးသည်က လာရောက်ကြည့်ရှုကြသည်။ မန္တလေးနှင့် ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်နှင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုကာ စိတ်ဝင်စားကြသည်။ လက်ရှိမိုးရာသီအချိန်တွင် ဧရာဝတီမြစ်ရေတိုးချိန်ဖြစ်၍ လင်းပိုင်များ မြူးထူးကျက်စားချိန်လည်း ဖြစ်နေသည်။ ဧရာဝတီလင်းပိုင် စောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက လင်းပိုင်ချစ်သူ လင်းပိုင်စောင့်ရှောက် ကြည့်ရှုသူများအား ရှင်းပြလေ့ရှိသည်။

**'အခု မြစ်ရေများချိန်ကာလဖြစ်တာကြောင့် မန္တလေးဆိပ်ကမ်းကနေ မန္တလေး–ကျောက်မြောင်းကြားရှိ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်းပြည်ပခရီးသည်တွေ လာရောက်ကြည့်ရှုမှု များနေပါတယ်။ ဒါ့အပြင် ကျေးရွာက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကိုလည်း ပြည်တွင်းပြည်ပ ခရီးသည်တွေ ကြည့်ရှုလေ့လာနိုင်ဖို့ ဖြစ်ပါတယ်'**

လင်းပိုင်များမှာ သမုဒ္ဒရာများတွင် အများအားဖြင့် ကျက်စားနေထိုင်ကြသော်လည်း မြန်မာနိုင်ငံ ရေချိုကြွယ်ဝသော ဧရာဝတီမြစ်တွင် ကျက်စားနေခြင်းမှာ အလွန်အံ့သြဂုဏ်ယူဖွယ် ကောင်းလှသည်။ ထို့အပြင် ခရီးသွားလာရေးလုပ်ငန်းများအတွက်လည်း အလွန်ပင် ပြသရန်ကောင်းသည့် အစီအစဉ်ကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ဝင်စားဖွယ်ခရီးစဉ်များထဲတွင် လင်းပိုင်များသည် တစ်ခုအပါအဝင် ဖြစ်သည်။ လင်းပိုင်များသည် ငါးများထဲတွင် ကြီးမားသော ကိုယ်ခန္ဓာရှိသော်လည်း လူသားများအား ငါးမန်းများ၊ အသားစားငါးကြီးများကဲ့သို့ ရန်မူတတ်ခြင်း မရှိပေ။ လင်းပိုင်များရှိနေခြင်းသည် နိုင်ငံအတွက် ကောင်းမွန်သော လက်ဆောင်ကောင်းတစ်ခု ရရှိထားခြင်းဖြစ်သည်။

ရေများသောမိုးရာသီတွင် လင်းပိုင်များအတွက် ကျက်စားရာနေရာများ ကောင်းမွန်သော်လည်း နွေရာသီရေကျချိန်များတွင် ငါးဖမ်းရေလုပ်သားများက စောင့်ရှောက်ပေးခြင်း၊ ဘက်ထရီများသုံး၍ ငါးဖမ်းခြင်းများပြုပါက သားမြုံခြင်း၊ မတော်တဆသေကြေပါက နှမြောစရာဖြစ်ပါသည်။

လင်းပိုင်များကို အများအားဖြင့် စားသုံးခြင်းထက် အဆီကို ထုတ်ယူခြင်းပြုလိုသည့်အတွက် လင်းပိုင်များကို သတ်ဖြတ်ခြင်းမှ ကာကွယ်ပေးရန် လိုပါသည်။ လင်းပိုင်များကို လူများက ချစ်ခင်ကြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များနှင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ဇွန်လနောက်ဆုံးပတ်က တစ်ရက်လျှင် လာရောက်ကြည့်ရှုသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၅၀ ကျော်သာ ရှိခဲ့သည်။ ဇူလိုင်ပထမပတ်မှစ၍ တစ်ရက်လျှင် ဧရာဝတီလင်းပိုင်များနှင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို လာရောက်ကြည့်ရှုကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၄၀၀ ကျော်အထိရှိလာကြောင်း သိရသည်။

လင်းပိုင်များသည် ၁ ဒသမ ၂ မီတာ(၄ ပေခန့်)နှင့် အလေးချိန် ၄၀ ကီလိုမီတာ(၉၀) ပေါင်မှစ၍ ၉ ဒသမ ၅ မီတာ ပေ(၃၀)နှင့် ၁၀ တန်အထိ ကွဲပြားခြားနားသည်။ ပင်လယ်ရေတိမ်ပိုင်းတွင် တွေ့ရသည်။ အသားစားသတ္တဝါဖြစ်ပြီး ငါးနှင့်ပြည်ကြီးငါးများ စားလေ့ရှိသည်။ လင်းပိုင်များသည် ငါးဖမ်းရာတွင် နေရာပြလေ့ရှိပြီး တံငါသည်များ၏ ကျေးဇူးရှင်ဆိုလျှင်လည်း မမှားပေ။ လူတို့နှင့်ရောနှောနေထိုင်ခြင်းနှင့် ဆော့ကစားတတ်ကြသည်။

ဧရာဝတီလင်းပိုင်များသည် မဲခေါင်၊ ဂင်္ဂါမြစ်နှင့် ဧရာဝတီမြစ်တို့တွင် ကျက်စားနေထိုင်လေ့ရှိသည်။ လင်းပိုင်သည် ရေနေနို့တိုက်သတ္တဝါဖြစ်ပြီး ဝေလငါးနှင့်လည်း အမျိုးတော်စပ်သည်။ မြန်မာနိုင်ငံတွင် ဗန်းမော်မြစ်ကျဉ်း၊ ဗန်းမော်နှင့် မန္တလေးမြို့ကြားတွင် ကျက်စားနေထိုင်ကြသည်။ သို့သော် ဥပဒေမဲ့ဖမ်းဆီးကြသဖြင့် တစ်နှစ်လျှင် လင်းပိုင်နှစ်ကောင်မှ ခုနစ်ကောင်အထိ ဆုံးရှုံးနေကြောင်း သိရသည်။

လင်းပိုင်ချစ်သူများ၊ သတ္တဝါကိုချစ်မြတ်နိုးကာကွယ်ထိန်းသိမ်းနေမှသာ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ထဲတွင် အသက်ရှင်သန်နေထိုင်ခွင့်ရကြမည်ဖြစ်သည်။

**မင်းလပြည့်(ဟားခါး)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပလတ်စတစ်ကင်းစင်ရေး သန့်ရှင်းရေးဆောင်ရွက်



**ညောင်ဦး အောက်တိုဘာ ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းနေလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ပြီး ပလတ်စတစ်အမှိုက်များသီးသန့်ကောက်ယူခြင်းကို ယမန်နေ့နံနက် ၇ နာရီမှ စတင်ကာ ဝက်ကြီးအင်းချောင်းလမ်းဘေးဝဲ၊ ယာမှစတင်၍ တောင်ဘီရွာလမ်းခွဲအထိ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှ ဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ကွက်၊ ဝက်ကြီးအင်းချောင်းထိပ် လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှစတင်၍ ရွှေလိပ်တူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ စတုမုခဘုရား၊ ငါးမျက်နှာအိမ်ယာကျောင်းဘုရားပတ်ဝန်းကျင် လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှ တောင်ဘီရွာလမ်းခွဲအထိ လမ်းဘေးဝဲ၊ ယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများကောက်ယူရှင်းလင်းခြင်းအား ထီးလိုမင်းလိုဘုရားအထိ ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)



# မိုးစပါးအထွက်နှုန်းတိကျမှန်ကန်ရေး ကွင်းဆင်း၍ စံကွက်ရိတ်သိမ်း

**တာလေ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးအထွက်နှုန်းတိကျမှန်ကန်ရေး ကွင်းဆင်း၍ စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၅ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်၊ မြို့စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် မြို့ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဘိုလေးနှင့် ဝန်ထမ်းများက တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၇၆/၂၊ လန့်တောင်းကွင်းတွင် တောင်သူ ဦးစိုင်းဆမ်ကျွတ် စိုက်ပျိုးထားသော ဆင်းဧကရီ-၃ စပါး စိုက်ခင်းကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစိုအထွက်နှုန်းမှာ(၉၇ ဒသမ ၆၂) တင်းထွက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများအား ဆက်လက်ပြုပြင်

**လယ်ဝေး အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေ ဝင်ရောက်မှုကြောင့် ကျေးရွာများသို့ ဆက်သွယ်ထားသည့် လမ်းအချို့ ရေတိုက်စား၍ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရုံးပင်-အေးချမ်းသာကျေးရွာချင်းဆက်လမ်း ရေတိုက်စားသွားရာ ၄င်းနေရာတွင် အစားထိုးဖောက်လုပ်မည့် အရှည် ပေ ၂၀၀၀၊ အကျယ် ၃၈ ပေရှိ ယာယီလမ်းလွှဲနေရာလမ်း အူကြောင်းတိုင်အမှတ်အသား စိုက်ထူထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ ကွမ်းခြံ-လက်ပံခုန် ကျေးရွာချင်းဆက်လမ်း ရေတိုက်စားသွားသောနေရာ အစားထိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းအား ယမန်နေ့က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပျက်စီးသွားခဲ့သော လွိုင်လင်-ပန်ကေတု-သီပေါလမ်းပိုင်း ယာဉ်များသွားလာနိုင်

**လွိုင်လင် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ပျက်စီးသွားခဲ့သော လွိုင်လင်-ပန်ကေတု-သီပေါ လမ်း မိုင်(၉၀/၄-၉၀/၅)ကြား တံတားအမှတ်(၃/၉၁) အရှည် ၃၆၀ ပေရှိ ဆားတောတံတားချည်းကပ်လမ်းမှာ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီတွင် ယာဉ်များစတင်သွားလာနိုင်ပြီဖြစ်သည်။

ဆားတောတံတားချည်းကပ်လမ်းမှာ အောက်တိုဘာ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သော သီပေါဖက်ခြမ်း ကမ်းကပ်ခုံ A1 အောက်ခြေ ရေတိုက်စားပြီး ချည်းကပ်လမ်း အလျား ၅၅ ပေ၊ အကျယ် ၃၀ ပေ၊ အမြင့် ၂၂ ပေမှာ ရေတိုက်စားမျောပါသွားခဲ့ပြီးယာဉ်ကြီး၊ ယာဉ်ငယ်များသွားလာ၍မရတော့ဘဲ လမ်းကြောင်းပြတ်တောက်မှုဖြစ်ခဲ့သည်။

အဆိုပါ တံတားကို အောက်တိုဘာ ၂ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လွိုင်လင်ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မိုင်းကိုင်မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) အငယ်တန်းအင်ဂျင်နီယာ(၂)တို့မှကြီးကြပ်၍ Backhoe နှစ်စီး၊ Loader တစ်စီး၊ မြေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ရေလမ်းကြောင်းဖြော့ပေးခြင်း၊ မျောရိုက်ပြီး ကတ္တရာပေပါပြားကာရံခြင်း၊ ကျောက်ကြီးဖြည့်ခြင်း၊ ချည်းကပ်လမ်းတာပေါင်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၄ ရက် ညနေပိုင်းမှစ၍ ယာဉ်များသွားလာနိုင်အောင်ဆောင်ရွက်ပြီးဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)





# မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရုံးပတီသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် မြေစိုကျေးရွာတွင် စိုက်ပျိုးထားသော ရုံးပတီသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိကာ မိသားစုများ စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ရုံးပတီသီးနှံသည်ရေကြိုက်နှစ်သက်သည့်သီးနှံတစ်မျိုးဖြစ်သောကြောင့် ရေသွင်းရေထုတ်လွယ်ကူစေရန် မြေပေါင်များ ပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာ အစေ့တိုက်ရိုက်ချ စိုက်ပျိုးကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးပေးခြင်းများဖြင့် အပင်ကြီးထွားပြီး အသီးအထွက်နှုန်းကောင်းမွန်ကြောင်း၊ အပင်အပြုအစုကောင်းပါက သုံးလခန့်အထိ နေ့စဉ်ခူးဆွတ် ရောင်းချရကြောင်း ကိုင်းကျွန်းနုန်းမြေနုများတွင် စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းသည်။

ရုံးပတီသီးနှံ တစ်ဧကစိုက်ပျိုးပါက မြေအမျိုးအစားနှင့် သွင်းအားစုအပေါ်မူတည်ပြီး ကုန်ကျငွေကျပ် နှစ်သိန်းကျော်သုံးသိန်းနီးပါးကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ ကျော်တွင် စတင်ခူးဆွတ်ရောင်းချရပြီး ရောင်းချရာတွင် သုံးလခန့်ကြာအောင် ခူးဆွတ်ရောင်းချရသဖြင့် တစ်ပိဿာငွေကျပ် ၁၂၀၀ မှ ၁၈၀၀ အထိ ဈေးကွက်အပေါ်မူတည်ရောင်းချရကြောင်း ရုံးပတီသီးနှံ စိုက်ပျိုးရောင်းချသူ တောင်သူတစ်ဦးမှ ပြောပြသည်။

(အောက်ပုံ)(၄၈၅)



# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

## ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှု ကြည့်ရှုအားပေး



**မိုင်းယောင်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆဋ္ဌမနေ့အဖြစ် ကောက်ယူနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ရပ်ကွက်၊ ကျေးရွာ ကောက်ကွက်များအလိုက် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လှည့်လည်ကာ Mobile Tablet ဖြင့် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှုနှင့် ဒေသခံပြည်သူများ စိတ်ဝင်တစား ပြန်လည်ဖြေကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သိရသည်။

(ယာပုံ)

**နန်းပန်(ပြန်/ဆက်)**



မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ အောင်ဇော်မင်း



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၀၅၇)



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၄၈၁)



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၄၅၆)



မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိစဉ်။ လှဝင်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)

# မြန်မာတို့၏ "ဇရပ်"ဆောက်လုပ်လှူဒါန်းမှုဓလေ့

**ခိုင်ခန့်(အမရပူရ)**



မြန်မာတို့၏ ချစ်စရာဓလေ့တစ်ခုမှာ အများပြည်သူများ နားနေရန် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သည့် လမ်းပေါ်တွင် ဇရပ်ဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ဇရပ်ဆိုသည်မှာ အလှူပေးသော အဆောက်အအုံ၊ ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းရာ အဆောက်အအုံ၊ တရားစာပေဖတ်ကြားဟောပြောရာ အဆောက်အအုံ၊ ခရီးသွားများနားနေရာ အဆောက်အအုံ စသည်ဖြင့် အနက်အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုထားသည်။ ဇရပ်ဆောင်များ ဆောက်လုပ်လှူဒါန်းမှုသည် ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်ခဲ့သည်ဟု သမိုင်းစာပေများမှ လေ့လာမှတ်သားရပါသည်။

"အင်းအိုင် ဝိုက်လည်၊ အမရတည်"ဟူသော မှတ်သားချက်အရ ၁၁၄၄ ခုနှစ်တွင် တည်ထားခဲ့သော အမရပူရရွှေမြို့တော်တွင် ကုန်စည်ကူးသန်းရောင်းဝယ်ရေး လွယ်ကူစေရန် ဇရပ်ဆောင်များ ဆောက်လုပ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

အမရပူရမြို့ ကုန်စည်သယ်ယူပို့ဆောင်ရာလမ်းများတွင် ဇရပ်ဆောင်များ ဆောက်လုပ်ခဲ့ကြသည်။ လက်ပံဇင်ရွာ၊ သိမ်ကြီးရပ်ကွက်၊ ဈေးချိုရပ်ကွက်၊ ဝါးတန်းရပ်ကွက်၊ မြေပဲတန်းရပ်ကွက်နှင့် ဝက်ကုန်းရပ်ကွက်များတွင် ဇရပ်များကိုဆောက်လုပ်ထားခဲ့ကြောင်း သိရပါသည်။ ထိုဇရပ်များသည် ဇရာဝတီမြစ်ရေဝင်ရာဒေသတွင် တည်ရှိသောကြောင့် ခြေတံရှည်ဇရပ်များဖြစ်ကြပြီး အမိုးမပါရှိပေ။ စာရေးသူတို့ငယ်ဘဝက ကိုင်းကျွန်းမြေမှထွက်သော အာလူး၊ မြေပဲ၊ ခရမ်းသီးများကို လှည်းဖြင့် သယ်ယူ၍ ရွာနှင့်အနီးဆုံးဖြစ်သော "ဈေးချိုဇရပ်"သို့ ပို့ဆောင်ကာ ထိုဇရပ်တွင် ပွဲရုံမှလာသော ကားပေါ်သို့ ပြောင်းရွှေ့တင်ပေးခဲ့ကြသည်ကို မှတ်မိပါသေးသည်။ ယခုအခါ ထိုဇရပ်များမှာ နှစ်များစွာကြာချိန် လူနေအိမ်များ တိုးချဲ့ဆောက်လုပ်ကြသဖြင့် ပျောက်ကွယ်သွားခဲ့သည်မှာ စိတ်မကောင်းဖွယ်ရာဖြစ်သည်။

အမရပူရ နေပြည်တော်ခေတ်တွင် "အင်းကအော်ကာ"ဆောက်လုပ်တာ။ "အင်းကအော်ပြီး ဆောက်လုပ်ပြီး"ဆိုသော စကားအတိုင်း မြန်မာနှစ် ၁၂၁၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သော ဦးပိန်တံတားကြီးကို တည်ဆောက်ရာတွင် နားနေဇရပ်ဆောင်များကို ထည့်သွင်းဆောက်လုပ်ခဲ့သည်။ ထိုဇရပ်ဆောင်များမှာ တံတား၏ဘေးဖက်မှ ကပ်၍ ဆောက်လုပ်ထားသော ဘေးတွဲဇရပ် လေးဆောင်ဖြစ်သည်ကို သမိုင်းမှတ်တမ်းတွင် တွေ့ရှိရသည်။ ထိုဇရပ်များမှာ ခေါင်မိုးပေါ် အမိုးတစ်ဆင့်တင်ထားသည့် ဇရပ်များဖြစ်ပြီး ခရီးသွားများ နားနေရန် ထိုင်ခုံတန်းလျားရှည်များကို ထည့်သွင်းဆောက်လုပ်ခဲ့သည်။ ယခုအခါ တံတားအလယ်ရှိ ဇရပ်အိုတစ်ဆောင်မှလွဲလျှင် ကျန်ဇရပ်များမှာ မရှိကြတော့ပြီ။ ယနေ့တွင် နောင်းလူတို့ ဆောက်လုပ်သော ဇရပ်များကို တွေ့ရသည်။

တောင်သမန်ဦးပိန်တံတားမှ မူလရှေးဟောင်းဇရပ်အချို့ ပျက်စီးသွားပြီးနောက်ပိုင်းတွင် ပထမဆုံးအနေဖြင့် ဦးတက်တိုး+ဒေါ်နုယဉ်တို့က လှူဒါန်းတည်ဆောက်မှုမှစတင်၍ နောင်တွင်ဇရပ်ဆောင်များ ပေါ်ထွန်းလာခဲ့သည်။ ထိုဇရပ်များမှာ တံတားကိုခွ၍ တည်ဆောက်ထားသော အမိုးပေါ်တွင် ဘုံတစ်ဆင့် ထပ်တင်ထားသော ရင်ကွဲဇရပ်များဖြစ်သည်ကို လေ့လာသိရှိရသည်။

ထို့အပြင် "အုတ်ကျစ်ကျော်အေး မန္တလေး"၊ "အောင်ကျော်ချမ်းအေး မန္တလေး"၊ "အင်ကြင်းကြာအုံ ရတနာပုံ"ဟူသော အဆိုအရ ၁၂၂၀ ခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်တည်စဉ် တစ်ပြိုင်နက်တည်း တည်ဆောက်ခဲ့သော (၁)ရွှေမြို့တော်ကြီး၊ (၂) ကျုံးတော်၊ (၃) မဟာလောကမာရဇိန်စေတီ၊ (၄) သိမ်တော်၊ (၅) မဟာအတုလဝေယံကျောင်းတော်၊ (၆) ပိဋကတ်တိုက်၊ (၇) သုဓမ္မာဇရပ်တို့ ဖြစ်သည်။ သတ္တဋ္ဌာနဟုခေါ်ဆိုပြီး သုဓမ္မာဇရပ်တန်းရှိ ဇရပ်ဆောင်များမှာ အမိုးပေါ်တွင် ဘုံတစ်ဆင့်တင်ပြီး လှေကားသုံးထစ်တက် သစ်သားကြမ်းခင်းဖြင့် တည်ဆောက်ခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

ထိုသုဓမ္မာဇရပ်များသည် ရှင်ဘုရင်များလက်ထက်က ကျင်းပပြုလုပ်သော ပါဠိပထမပြန်စာမေးပွဲများ ကျင်းပရန်ရည်ရွယ်၍ တည်ဆောက်ထားခဲ့သည်ဟု သိရပါသည်။ ကျောက်တော်ကြီးဘုရားပွဲတော်ကျင်းပချိန်တွင် ဘုရားဖူးများ တည်းခိုနားနေရန် အသုံးပြုသည်ကို တွေ့ရှိရသည်။

မြန်မာတို့၏ ဓလေ့အရ သေသူကို သရဏဂုံတင်ရန်အတွက် သုသာန်သင်္ချိုင်းများတွင် ဇရပ်များကို တည်ဆောက်ခဲ့ကြသည်။ ထိုသင်္ချိုင်းဇရပ် (သုသာန်ဇရပ်)များတွင် အမိုးသာပါရှိပြီး အကာအရံမရှိပေ။ ကြမ်းတစ်ပြေးတည်း ဆောက်လုပ်ကြပြီး သေသူကို သင်္ဂြိုဟ်မှုမပြုမီ သံဃာတော်များက သရဏဂုံတင်ပေးနိုင်ရန် သံဃာစင်များ ထည့်သွင်းတည်ဆောက်ကြောင်း မှတ်သားရပါသည်။

ယနေ့ခေတ်တွင် ဖွံ့ဖြိုးလှပတိုးတက်သော မြို့ပြများအဖြစ် အကောင်အထည်ဖော်ရာတွင် သင်္ချိုင်းများကို ဖျက်သိမ်းလိုက်ခြင်းကြောင့် မြို့ကြီးများတွင် သင်္ချိုင်းဇရပ်များ မတွေ့နိုင်သည်မှာ ဓလေ့တစ်ခုကွယ်ပျောက်ခြင်းပါပေ။

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသအများစုတွင် "ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်"ဟူ၍ အမြဲတွဲဖက်ပြောလေ့ရှိသော စကားနှင့်အညီ ကျေးလက်ရွာဦးကျောင်းများတွင် ဥပုသ်သီတင်းဆောက်တည်ကြသော ဥပုသ်သည်များ နားနေတရားမှတ်ရန် ဥပုသ်ဇရပ်များကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုဇရပ်များမှာ အမိုးပေါ်တွင် ဘုံတစ်ဆင့်၊ နှစ်ဆင့်(သို့မဟုတ်)သုံးဆင့် တင်ထားကြပြီး ဇရပ်ဆောင်ဦးခန်းတွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ ထားလေ့ရှိသည်။

ဒေသတစ်ခုနှင့်တစ်ခု ကျေးရွာတစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော လမ်းများတွင် ခရီးသွားများ နားနေရန် ဇရပ်ဆောင်များ ဆောက်လုပ်လှူဒါန်းကြသည်မှာ မြန်မာဓလေ့တစ်ခုဖြစ်သည်။ ထိုဇရပ်များမှာ ခါးလယ်ခန့်အမြင့်တွင် ကြမ်းခင်းထားပြီး ဇရပ်နှင့်တွဲလျက် ခရီးသွားများ အမောပြေသောက်သုံးရန် ရေအိုးစင်များ ထည့်သွင်းတည်ဆောက်ကြောင်း သိရသည်။

တံတားဦး၊ မြို့သာ၊ ပုဂံ-ညောင်ဦးလမ်းဘေးရှိ ကျေးရွာအချို့တွင် ထိုကဲ့သို့ ဇရပ်အိုကြီးများ အနည်းငယ်ကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။ သို့သော် အချို့သောဇရပ်အိုကြီးများကို ထပ်မံ၍ ပြုပြင်မှုမရှိခြင်း၊ ပျောက်ကွယ်သွားခြင်းတို့သည် စိတ်မကောင်းစရာဖြစ်သည်။

ယနေ့ခေတ်တွင် ဇရပ်ဆောက်လုပ်လှူဒါန်းသော ဓလေ့မှာ တဖြည်းဖြည်းပျောက်ကွယ်လာပြီဖြစ်သည်။ ရှေးယခင်က လှူဒါန်းဆောက်လုပ်ခဲ့သော ဇရပ်များမှာလည်း အချို့မှာ အတော်အတန်ပျက်စီးနေသည်ကို တွေ့ရပါသည်။ အချို့မှာ တိုးတက်လာသော လူဦးရေနှင့် အိမ်ရာများတိုးချဲ့ဆောက်လုပ်မှုကြောင့် ရှေးဇရပ်များ လုံးဝပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ယနေ့ခေတ်တွင် ကျန်ရှိနေသော ရှေးခေတ်အမွေအနှစ်ဇရပ်ကြီးများကို မြန်မာတို့၏ မြတ်နိုးဖွယ်ရာဓလေ့တစ်ခု မပျောက်ကွယ်စေရန်ရည်ရွယ်၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား -**

- **'ဇရပ်'နန့်ဟယ်လင်ပီတာဆန်**
- **'တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ' ကိုပညာ(အမရပူရ)**
- **'တောင်သမန်ဝန်းကျင်' သာကီနွယ်(နမ့်မောက်)**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မောင်းနှင်ကြသည့် ခရီးသည်တင်ယာဉ်များ Telematics စနစ်တပ်ဆင်ခြင်းမပြုပါက အမြန်လမ်းသုံးစွဲခွင့်ပြုမည်မဟုတ်ဟု ဆို



**မန္တလေး အောက်တိုဘာ ၈**

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်ယာဉ်များ Telematics စနစ် တပ်ဆင်ရန် သက်ဆိုင်ရာဌာနက ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ရာ အောက်တိုဘာ ၁၆ ရက်နောက်ပိုင်းတွင် တပ်ဆင်ခြင်းမရှိပါက ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်မဟုတ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ပညာပေးကာလနှင့် Telematics စနစ်တပ်ဆင်ရင် ဖွန် ၁၈ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ရက်ပေါင်း ၁၂၀ သတ်မှတ်ပေးခဲ့ရာ ယင်းကာလကျော်လွန်ပါက အမြန်လမ်းသုံးစွဲခွင့် ပြုမည်မဟုတ်ဟု ဆိုသည်။

"Telematics စနစ် တပ်ဆင်ပြီဆိုလျှင် အဲ့ဒီယာဉ်ဟာ ဘယ်နှစ်မိုင်နှုန်းမောင်းနှင်နေသလဲ၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းသလား၊ ဘယ်မှာ ရပ်နားသလဲ စတဲ့ အချက်အလက်တွေ သိနိုင်တယ်။ ယာဉ်အန္တရာယ်ကင်းစေရေးနဲ့ ခရီးသည်တွေ လုံခြုံစေဖို့ပါ"ဟု ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါစနစ်တပ်ဆင်ခြင်းမှာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ခရီးသည်များ လုံခြုံဘေးကင်းစေရန်ဖြစ်ပြီး ယာဉ်သွားလာမှုမှတ်တမ်းကို ၂၄ နာရီစောင့်ကြည့်သွားမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်ချိန်ထိ Telematics စနစ်တပ်ဆင်ထားခြင်းမရှိသော ခရီးသည်တင်ယာဉ်များကို ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုခွင့်မပြုကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်အမျိုးအစားအလိုက် မောင်းနှင်ရမည့် သတ်မှတ်မိုင်နှုန်းများမှာ ကိုယ်ပိုင်ယာဉ်ငယ်များမှာ တစ်နာရီလျှင် ၁၀၀ ကီလိုမီတာ၊ ခရီးသည်တင်ယာဉ်များမှာ ၈၀ ကီလိုမီတာ၊ လိုက်ထရပ်ယာဉ်များမှာ ၆၀ ကီလိုမီတာနှင့် ကုန်တင်ယာဉ်များအားလုံး ၆၀ ကီလိုမီတာဖြစ်သည်ဟု အသိပေးထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည် ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ ဖော်ထုတ်ရမိမှုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ တပ်နယ်များအလိုက် နယ်မြေခံ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွစုပေါင်း၍ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ၊ ဘုရား၊ စေတီများ၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်များအလိုက်၊ လမ်းမကြီးများအလိုက်ရှိ စစ်ဆေးရေးနေရာများတွင် လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ်သည်များ ထောက်ပံ့ပေးနိုင်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများအား ကောက်ကွက်များအလိုက် ကောက်ယူဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လုံခြုံရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည် ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည် ဖြစ်ကြောင်း။

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာများ ပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်းပြောဆိုခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်စေရေး မိမိတို့အနေဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း မြင်တွေ့ရမည် ဖြစ်ကြောင်း။

### ပြည်သူ့လုံခြုံရေးကဏ္ဍတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက အဓိက ထိန်းကျောင်းရမည်

ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒီမိုကရေစီကို အဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး လက်တွေ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားထားသည်များကို ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အသိအမှတ်ပြု၍ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများနှင့် သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ သင်ကြားထားသည့် အသိပညာ၊ အတတ်ပညာများကို အသုံးချ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကဲ့သို့သော အခြေခံစည်းမျဉ်းစည်းကမ်းများမှစ၍ အများပြည်သူက လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာအောင် ထိန်းသိမ်းကြပ်မတ်နိုင်မှသာလျှင် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တော်၏ စည်းကမ်းထိန်းသိမ်းရေးအပိုင်းကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

## မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့သုဝဏ္ဏကွင်းတွင် သီရိလင်္ကာလက်ရွေးစင်အသင်းနှင့် FIFA international "A" friendly match ပွဲစဉ်အဖြစ် ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ လေ့ကျင့်ရေးပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာ လက်ရွေးစင်အသင်းတို့၏ FIFA international "A" friendly matches ခြေစမ်းပွဲများအတွက် ပွဲကြိုသတင်းစာ ရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် ညနေ ၃း၃၀ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (NGB)

